ကြေးမုံ
The Mirror
၁၃၇၂ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၃ ရက်၊ အင်္ဂါနေ့၊ (9-11-2010) (၆၅၇၇)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ကမ္ဘောဒီးယားနိုင်ငံဘုရင်ထံ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေထံမှ ကမ္ဘောဒီးယားနိုင်ငံ ဘုရင် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိုရိုဒွန် သီဟာမိုနီထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ်ထံ သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် - နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်းတဲ့ချို ဟွန်ဆင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

(သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကချင်ပြည်နယ်အတွင်း၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးမှု နိုင်ငံခြားသံရုံးများမှ သံတမန်များ ကြည့်ရှုလေ့လာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံရုံးမှ ဒုတိယအတွင်းဝန် Mr. Rhys Thompson နှင့် သံတမန်များ မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိ မဲရုံအမှတ် (၁၁)၌ ဆန္ဒမဲရေတွက်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ကချင်ပြည်နယ်အတွင်း မြို့နယ်များရှိ မဲရုံအသီးသီး၌ ယမန်နေ့ နံနက် ၆ နာရီမှ စတင်ကာ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများက စနစ်တကျ ဆန္ဒမဲပေးကြသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံရုံးမှ ဒုတိယအတွင်းဝန် Mr. Rhys Thompson နှင့် ထိုင်းနိုင်ငံ သံရုံးမှ Minister and Deputy Chief of Mission, Mr. Kallayana Vipattipumiprates တို့သည် ကချင်ပြည်နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးညွန့်ရွှေ၊ ကချင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးသိန်းတင်နှင့် မြစ်ကြီးနားခရိုင် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးကျော်မင်းခိုင်တို့နှင့်အတူ နံနက်ပိုင်းမှ မွန်းလွဲပိုင်းအထိ မြစ်ကြီးနားမြို့ ရောရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁၁)၊ သီတာရပ်ကွက် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁၄)၊ အောင်နန်းရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၆၁)၊ မန်ခိန်ရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၂၂)၊ လယ်ကုန်းရပ်ကွက် အခြေခံပညာအထက်တန်းကျောင်း(ဇီလွန်)ရှိ မဲရုံအမှတ်(၅၂)၊ စီတာပူရပ်ကွက် အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁၅)၊ ရှမ်းစုမြောက်ရပ်ကွက် အမှတ်(၁) အခြေခံပညာ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆**

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံရုံးမှ ဒုတိယအတွင်းဝန် Mr. Rhys Thompson နှင့် သံတမန်များ မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် အခြေခံပညာ အထက်တန်းကျောင်း (ဇီလွန်)ရှိ မဲရုံအမှတ် (၅၂) တွင် တိုင်းရင်းသားပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကြေးမုံ

The Mirror

၉-၁၁-၂၀၁၀
(အင်္ဂါနေ့)

အခြေခံကောင်းများ လူ့စွမ်းအားဖြင့် ပေါင်းစပ်တီထွင် ဘ၀ရှေ့ရေးမြင့်မားရေး ကြိုးပမ်းထာ၀စဉ်

ဧရာဝတီတိုင်းဒေသကြီးသည် သဘာ၀သယံဇာတ ကြွယ်၀သည်။ စိုက်ပျိုးမြေကျယ်ပြန့်စွာရှိသည်။ ဆန်စပါးအပါအ၀င် သီးနှံစုံစိုက်ပျိုးဖြစ်ထွန်းသည်။ မြစ်ချောင်းများ ပေါများပြီး ပင်လယ်ပိုင်းနှင့် ဆက်စပ်နေသဖြင့် ရေလုပ်ငန်း၊ ဆားလုပ်ငန်းများ စီးပွားဖြစ် လုပ်ကိုင်နိုင်သည်။

၂၀၀၈ ခုနှစ်အတွင်း အဖျက်စွမ်းအားကြီးမားသော နာဂစ်မုန်တိုင်း တိုက်ခတ်ခံရသဖြင့် အသက်အိုးအိမ် စည်းစိမ် ထိခိုက်ပျက်စီးဆုံးရှုံးမှုများစွာ ကြုံတွေ့ခဲ့ရသည်။ နိုင်ငံတော်အပိုင်းနှင့် ပြည်သူများ၏ ကူညီပံ့ပိုးမှုများကြောင့် မြို့ပြကျေးရွာများနှင့် စီးပွားရေးလုပ်ငန်းများ နေသားတကျ ပြန်လည်လုပ်ကိုင်နေနိုင်ကြပြီ။

မော်လမြိုင်ကျွန်းမြို့နယ်အတွင်း ပြန့်ကျဲနေသည့် ရွာငယ်တဲစုများကို စုစည်း၍ ကြက်လျှာစံပြကျေးရွာ၊ ငွေဇင်ယော်စံပြကျေးရွာ၊ လှိုင်းဘုန်းစံပြကျေးရွာ၊ ခနိချောင်းစံပြကျေးရွာစသည့် စံပြကျေးရွာကြီးများအဖြစ် ပြန်လည်တည်ဆောက်ပေးထားပြီ။ မုန်တိုင်းကြောင့် ပျက်စီးသွားသည့် အခြေခံပညာကျောင်းများ၊ ဆေးရုံဆေးခန်းများ၊ သာသနိက အဆောက်အအုံများ အသစ်တည်ဆောက်ပြုပြင် ပြီးစီးနေပြီ။

အလားတူ လပွတ္တာခရိုင်အတွင်း၌လည်း ကျေးလက်အိမ်ရာများ၊ အခြေခံပညာကျောင်းများ၊ ခုတင် ၂၀၀ဆံ့ ဆေးရုံသစ်ကြီးနှင့် ဆေးရုံ၊ ဆေးပေးခန်းများ၊ အိမ်တွင်းမှုသင်တန်းကျောင်းများ၊ လက်မှုပညာသင်တန်းကျောင်းများ၊ လမ်းများ တည်ဆောက်ပြုပြင် ဖြည့်ဆည်းပေးနိုင်ခဲ့ပေပြီ။

ထို့နည်းတူ လမ်းကွန်ရက်များ၊ တံတားသစ်ကြီးများကိုလည်း တိုးချဲ့ဖောက်လုပ် တည်ဆောက်ပေးထားရာ ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက် များစွာအထောက်အကူပြုလျက်ရှိသည်။ ဒေသအတွင်း၌ စိုက်ပျိုးရေး၊ ရေလုပ်ငန်း၊ ဆားလုပ်ငန်းနှင့် မွေးမြူရေးလုပ်ငန်းများကို တိုးချဲ့လုပ်ကိုင်နိုင်သည့် အလားအလာကောင်းများစွာရှိသည်။ သီးနှံအထွက်နှုန်းတိုးရေး၊ ဆားလုပ်ငန်းကို စားသုံးရန်သာမက ဓာတုပစ္စည်းများ ထုတ်လုပ်နိုင်သည့် ကုန်ထုတ်လုပ်ငန်းများ ထူထောင်နိုင်ရေး ကြံဆတီထွင် အားထုတ်ကြရပေမည်။

ဧရာ၀တီတိုင်းဒေသကြီးအတွင်း လယ်ယာ သားငါး၊ ပုစွန်၊ ဆား၊ အုန်းစသည့် သဘာ၀အခြေခံကောင်းများစွာ ရှိနေပြီးဖြစ်သည်။ ကားလမ်းများသာမက မီးရထားလမ်းသစ်များပါ တိုးချဲ့ဖောက်လုပ်ပေးလျက်ရှိပြီ။ ဒေသတွင်း ဆက်သွယ်သွားလာရေး ပိုမိုလွယ်ကူချောမွေ့လာသဖြင့် ကုန်စည်ပို့ဆောင်ရောင်း၀ယ်မှုများ တိုးတက်နေပြီ။ သဘာ၀ အခြေခံအရင်းအမြစ်များကို ခေတ်မီစက်မှုနည်းပညာ၊ လုံ့လအားထုတ်ကြိုးစားမှုတို့ဖြင့် တီထွင်ကြံဆလုပ်ကိုင်သွားကြခြင်းဖြင့် ဒေသခံများ၏ ဘ၀ရှေ့ရေး ပိုမိုတိုးတက်မြင့်မားလာမည် ဖြစ်ပါသည်။ ။

မြစ်ကြီးနားမြို့နယ်အသင်း (ရန်ကုန်) ၏ (၂၆)ကြိမ်မြောက် စုပေါင်းလှူဒါန်းပွဲ၊ (၁၉)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးနှင့် ၂၀၁၀ ခုနှစ် တက္ကသိုလ်၀င်စာမေးပွဲတွင် ဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ကြသော သား၊ သမီးများအား ပညာရည်ချွန်ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၀ ရက်က ရန်ကုန်မြို့ ဒဂုံမြို့နယ် ရွှေတိဂုံစေတီတော်တောင်ဘက်မုခ်ရှိ ကချင်ပြည်နယ် ကျောက်စိမ်းတွင်းဓမ္မာရုံ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးညို၀င်း(ရဲမှူးကြီး-ငြိမ်း)က ငါးဘာသာဂုဏ်ထူးရရှိသူ မမေရတနာအောင်အား ဂုဏ်ပြုဆုချီးမြှင့်စဉ်။

(ကြေးမုံ)

ပြည်သူ့သဘောထား

- ✪ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- ✪ နိုင်ငံတော်၏ ပြည်တွင်းရေးကို ၀င်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ✪ ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ကျန်းမာရေးဝန်ကြီးဌာနမှ ကွင်းဆင်းဆေးကုသရေးအဖွဲ့များ မုန်တိုင်းသင့်ဒေသများသို့ လှည့်လည်ဆေးကုသမှု ဆောင်ရွက်

နေပြည်တော် နို၀င်ဘာ ၈

ရခိုင်ပြည်နယ်အတွင်း ဂီရိဆိုင်ကလုန်းမုန်တိုင်းသင့်ဒေသရှိ ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်နေသည့် ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်(ရောဂါနှိမ်နင်းရေး) ဒေါက်တာစောလွင်ဦးဆောင်သော ပြည်သူ့ကျန်းမာရေးကွင်းဆင်းအဖွဲ့သည် နို၀င်ဘာ ၃ ရက်တွင် မြေပုံမြို့နယ် ကိုရံပြင်ကျေးလက်ကျန်းမာရေးဌာန၊ လောင်းဒရိတ် ရှေ့တန်း ဆေးကုသခန်းများသို့ ကွင်းဆင်း၍ ပြင်ပလူနာ ၁၈၇ ဦးတို့အား ဆေးကုသမှုပေးခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှု စုံစမ်းထောက်လှမ်းခြင်းနှင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြသည်။

ကွင်းဆင်းကုသ

ထို့အတူ ညွှန်ကြားရေးမှူး(ကူးစက်)ပါမောက္ခ ဒေါက်တာစိုးလွင်ငြိမ်းနှင့် ညွှန်ကြားရေးမှူး (ရောဂါနှိမ်နင်းရေး) ဒေါက်တာ၀င်းမောင်တို့ ဦးစီးသောအဖွဲ့သည် မြေပုံမြို့နယ် လောင်းဒရိတ်ကျေးလက်ကျန်းမာရေးဌာနခွဲအတွင်းရှိ မိုးသီးနတ်တောင်နှင့် ကျီးခေါင်းတောင်ကျေးရွာများသို့ ကွင်းဆင်း၍ ပြင်ပလူနာ ၃၂၁ ဦးတို့အား ဆေးကုသပေးခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှု စုံစမ်းထောက်လှမ်းခြင်းနှင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး ရန်ကုန်ပြည်သူ့ဆေးရုံကြီးမှ အထူးကုဆရာဝန်ကြီး ရှစ်ဦးပါ၀င်သည့်အဖွဲ့သည် ရွှေ့လျားဆေးရုံသင်္ဘောဖြင့် ကမ်းတစ်လျှောက်ရှိ ကျေးလက်များအထိ ပြည်သူများအား ကွင်းဆင်းကုသပေးလျက်ရှိသည်။

ပိုလီယိုပပျောက်ရေး

ထို့အပြင် ဒေသဆိုင်ရာ ပိုလီယိုပပျောက်ရေး ဆရာ၀န်များနှင့် ရှေ့တန်းဆေးကုသရေးစခန်းမှ လက်ထောက်ဆရာ၀န်များနှင့် ကျန်းမာရေးဝန်ထမ်း ၃၃ ဦးတို့ပါ၀င်သည့်အဖွဲ့သည် မြေပုံမြို့နယ်နှင့် ပေါက်တောမြို့နယ်များရှိ ယောချောင်း၊ ဒိုင်းပုံ၊ ကြက်ရေကြီး၊ လောင်းဒရိတ်၊ ကျွန်းသာယာ၊ အရှေ့ဖရုံကာ ရှေ့တန်းဆေးကုသစခန်းများ၌ ဆေးကုသပေးခြင်း၊ ကွင်းဆင်းကုသပေးခြင်း၊ ကူးစက်ရောဂါ လူနာဖြစ်ပွားမှု စုံစမ်းခြင်းနှင့် ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ပညာပေး

အလားတူ ကျောက်ဖြူမြို့၌ ရောက်ရှိနေသော ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး (ကုသရေး) ဒေါက်တာသန်း၀င်း ဦးစီးသော ပြည်သူ့ကျန်းမာရေး ကွင်းဆင်းအဖွဲ့သည် ကျောက်ဖြူမြို့နယ် မြို့ပေါ်ကယ်ဆယ်ရေးစခန်း၌ လည်းကောင်း၊ လက်ထောက်ညွှန်ကြားရေးမှူး(ကူးစက်) ဦးစီးသောအဖွဲ့သည် ကျောက်ဖြူမြို့ ဆားပြင်ကွင်းရပ်ကွက်၌ လည်းကောင်း၊ ခရိုင်ဆရာဝန်ကြီးဦးစီးသော အဖွဲ့သည် ကျောက်ဖြူမြို့နယ် ပြင်ဖြူမော်ကျေးရွာ၌ လည်းကောင်း ပြင်ပလူနာများအား ဆေးကုသပေးခြင်း၊ ကူးစက်ရောဂါဖြစ်ပွားမှု စုံစမ်းထောက်လှမ်းခြင်း၊ ကူးစက်ရောဂါကာကွယ်ရေးလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ခြင်း၊ အချို့ရပ်ကွက်များ၌ ရေသန့်ဆေး၀ါးများ ဖြန့်ဝေခြင်းနှင့် သန့်ရှင်းသောရေ သုံးစွဲရန် ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာပို့စ်ဂျာနယ် ထုတ်ဝေဖြန့်ချိ

ရန်ကုန် နို၀င်ဘာ ၈

မြန်မာပို့စ်ဂျာနယ် အတွဲ (၂) အမှတ်(၄၃)ကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် အနောက်မြင်းပြိုင်ကွင်းလမ်းနှင့် ဆရာစံလမ်းထောင့်ရှိ United Media Group မှ မြန်မာတစ်နိုင်ငံလုံးသို့ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာပို့စ်ဂျာနယ်တွင် "လွှတ်တော်သုံးရပ် ဘယ်လိုဖွဲ့စည်းမလဲ၊ လွှတ်တော်အလိုက် ဘာတွေဆောင်ရွက်မလဲ" မျက်နှာဖုံး သတင်းဆောင်းပါး၊ နေပြည်တော်ရှိ တော်၀င်ဟံသပန်းချီပြခန်း၌ JEWELS OF HANTHA ပန်းချီပြပွဲ ပွဲဦးထွက်ပြသမည်"၊ ထား၀ယ်ရေနက်ဆိပ်ကမ်း စီမံကိန်းသည် အရှေ့-အနောက် စီးပွားရေးစင်္ကြံ၌ အဓိက အရေးပါလာမည်ဖြစ်ရာ တရုတ်၊ ဂျပန်၊ ထိုင်းလုပ်ငန်းရှင်များ ရင်းနှီးမြှုပ်နှံရန် အထူးစိတ်၀င်စား"၊ မြန်မာအင်တာနက်လိုင်းများ ပိုမိုမြန်ဆန်စေရန် တရုတ်၊ ထိုင်း၊ အိန္ဒိယနိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်"၊ အဓိကလုပ်ငန်း သုံးမျိုးအတွက် Global Fund မှ မြန်မာနိုင်ငံသို့ ဒေါ်လာ ၁၅ ဒသမ ၃ သန်းကူညီမည်"၊ အလှကုန်များ FDA တွင် မှတ်တမ်းတင်ပြီးမှ ရောင်းချရမည်ဟုဆို"၊ ကမ္ဘာပေါ်တွင် လူခြောက်ဦးလျှင် တစ်ဦးနှုန်း လေဖြတ်နိုင်ပြီး ခြောက်စက္ကန့်လျှင် တစ်ဦးနှုန်း သေဆုံး၊ ကြိုတင်ကာကွယ်ခြင်းဖြင့် နေထိုင်စားသောက်မှုဆင်ခြင်" စသည့် မျက်နှာဖုံးသတင်းနှင့် သတင်းဆောင်းပါးများ၊ မောင်စူးစမ်း၊ ထွန်းနေဦး၊ ပြည်စိုး၊ ရဲထွတ်နီတို့၏ လေ့လာမှတ်သားဖွယ် ဆောင်းပါးများကို ဖော်ပြထားသည်။

ထို့ပြင် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်းသည့် သတင်းများကို အချပ်ပိုလေးမျက်နှာ ဖော်ပြပါရှိသည်။

မြန်မာပို့စ်ဂျာနယ်တွင် ဖော်ပြနေကျဖြစ်သည့် ပြည်တွင်း ပြည်ပ နိုင်ငံရေး၊ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ အနုပညာနှင့် ဖျော်ဖြေရေးသတင်းများ၊ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးနှင့် အနယ်နယ်အရပ်ရပ်မှ သတင်းများ၊ ဂီရိမုန်တိုင်းကယ်ဆယ်ရေး၊ ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးသတင်းများ၊ နိုင်ငံတကာ အားကစားစသည့် ကဏ္ဍများကို ၀ေ၀ေဆာဆာ ဖော်ပြထားသည်။

ထို့ပြင် "၂၀၀၇ ခုနှစ် Estonia DDoS ထက် ပိုမိုပြင်းထန်သော DDoS တိုက်ခိုက်မှုကြောင့် အင်တာနက်လိုင်းများ ကျဆင်းမှုဖြစ်ကြောင်း ပြည်ပပညာရှင် သုံးသပ်"၊ "သဘာ၀ဘေးအန္တရာယ် သတိပေး အသံချဲ့စက်များ ဧရာ၀တီတိုင်းဒေသကြီးအတွက် ဂျပန် လှူဒါန်းမည်"၊ စင်ကာပူကြက်ခြေနီအသင်း မြစ်၀ကျွန်းပေါ်ဒေသတွင် ဆေးရုံဆောက်လုပ်မည်"၊ "ခရီးသည်တင်ယာဉ် တိုက်မှုကြောင့် အောက်တိုဘာလကုန်အထိ လူ ၈၀ သေဆုံး"၊ "မြန်မာ့အော်ဂဲနစ် သီးနှံများ ပြည်တွင်းပြည်ပ ဈေးကွက် ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်မည်"၊ "မြန်မာ့ရေထွက်ပို့ကုန်လုပ်ငန်းတွင် တိုင်းရင်းသားလုပ်ငန်းရှင်များ အခက်အခဲတွေ့လာ"၊ "ပလာတူးငါးတစ်ကောင် ကျပ် ၅၀၀၀ ဆုငွေပေးမည်" စသည့် စိတ်၀င်စားဖွယ် သတင်းများ ဖော်ပြပါရှိသည်။

(သတင်းစဉ်)

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ဦးကျော်လွင် ခေါင်းဆောင်၍ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့(ယာဉ်ထိန်း)နှင့် မော်တော်ယာဉ်လိုင်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီတို့ ပူးပေါင်းပါ၀င်သောအဖွဲ့ အောက်တိုဘာ ၂၇ ရက်က အဝေးပြေးယာဉ်ရပ်နားစခန်းမှ တာချီလိတ်မြို့နှင့် တောင်ကြီးမြို့များသို့ ထွက်ခွာမည့် ယာဉ်များအား ယာဉ်မတော်တဆမှု ပပျောက်ရေးအတွက် ယာဉ်စည်းကမ်းလိုက်နာရေး ကွင်းဆင်းစစ်ဆေးကြစဉ်။ (ကညန)

မျက်စိဆရာဝန်များ ညီလာခံကျင်းပမည်

ရန်ကုန် နို၀င်ဘာ ၈

မြန်မာနိုင်ငံဆရာ၀န်အသင်း မျက်စိဆရာ၀န်အဖွဲ့မှ ကြီးမှူးကျင်းပသည့် (၂၂)ကြိမ်မြောက် မျက်စိဆရာ၀န်ညီလာခံကို နို၀င်ဘာ ၂၂ ရက်မှ ၂၃ ရက်အထိ ရန်ကုန်မြို့ Chatrium Hotel ၌ ကျင်းပမည်ဖြစ်ရာ မြန်မာနိုင်ငံတစ်ဝန်းမှ မျက်စိအထူးကုဆရာ၀န်များနှင့် စိတ်ပါ၀င်စားသူ ဆရာ၀န်များသည် ရန်ကုန် မျက်စိအထူးကုဆေးရုံကြီး၌ နို၀င်ဘာ ၂၁ ရက်တွင် လာရောက်မှတ်ပုံတင် စာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

အငြိမ်းစား ဆရာ၊ ဆရာမများ အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နို၀င်ဘာ ၈

ညောင်လေးပင်မြို့ အခြေခံပညာ ထက်/လယ်/ မူ ကျောင်းတို့တွင် တာ၀န်ထမ်းဆောင်ခဲ့ကြသော သက်ပြည့်အငြိမ်းစား ဆရာကြီး၊ ဆရာမကြီးများအား စတုတ္ထအကြိမ်မြောက် အာစရိယပူဇော်ပွဲကို နို၀င်ဘာ ၂၁ ရက်တွင် ကျင်းပမည်ဖြစ်ရာ ဦးအေး၀င်း ဖုန်း-၀၁-၃၉၄၅၁၂၊ ဦးစောမြင့် ဖုန်း-၀၉-၅၁၀၇၉၃၀၊ ဦးစိုး၀င်း-ဒေါ်နုနု(ရွှေဆိုင်) ဖုန်း - ၀၉-၅၃၈၅၂၈၂၊ ဦးမင်းအောင်-ဒေါ်အေးအေးမြ ဖုန်း-၀၉-၅၀၈၃၅၁၃၊ ဦးမျိုးဆွေ-ဒေါ်ခင်စောယု ဖုန်း-၀၉- ၅၀၅၅၃၆၄၊ ဦးအောင်သူ၊ ကိုအောင်မော်-မသန်းသန်း(ကြယ်ကမ္ဘာ) ဖုန်း-၀၅၂-၅၀၄၉၆၊ ဦးလှိုင်၀င်း ဖုန်း-၀၉-၅၀၈၃၆၁၇၊ ဒေါ်ခင်မာညို ဖုန်း-၀၅၂-၅၀၂၁၈၊ ဒေါက်တာတင်တင်အေး ဖုန်း-၀၁-၅၁၂၉၄၆၊ ဒေါ်ရီရီစံ(အထက၊ ပြွန်တန်ဆာ)ဖုန်း-၀၅၂-၅၉၄၃၃နှင့် ဦးမျိုးကျော်ဇော-ဒေါ်ကေသွယ်စိုး(ရီရှင်းကုမ္ပဏီ)ဖုန်း-၀၉-၅၁၁၀၇၇၀တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဆိုင်ကလုန်းမုန်တိုင်း ဂီရိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ဦးကျော်မြင့်နှင့်ဇနီး ဒေါ်ခင်မမမိုး၊ သား ကိုဇော်ရဲနိုင်၊ ကိုအော်စကာမောင် မိသားစုက ငွေကျပ် သိန်း ၂၀ ပေးအပ်လှူဒါန်းရာ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် လက်ခံစဉ်။

(သတင်းစဉ်)

☆ ရွှေ့ဖုံးမှ

အလယ်တန်းကျောင်းရှိ မဲရုံအမှတ်(၂)၊ ဒူကထောင်ရပ်ကွက် အမှတ်(၇)အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံ အမှတ်(၁၃)၊ ရန်ကြီးအောင်ရပ်ကွက် ရက်ကန်းကျောင်းမဲရုံနှင့် ရွှေညောင်ပင်ရပ်ကွက် တရုတ်ယဉ်ကျေးမှုသင်တန်း ကျောင်းရှိ မဲရုံအမှတ်(၅၇)တို့သို့ လှည့်လည်သွားရောက်၍ တိုင်းရင်းသားပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးမှုများ၊ မဲရုံအလိုက် ဆန္ဒမဲရေတွက်မှုများကို ကြည့်ရှုလေ့လာကြသည်။

မှတ်တမ်းတင်

ထို့အတူ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များနှင့် ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များသည်လည်း ဆန္ဒမဲပေးနေမှုများနှင့် မဲရေတွက်နေမှုများကို ကြည့်ရှုလေ့လာ၍ မှတ်တမ်းတင် သတင်းရယူကြသည်။

ဆန္ဒမဲပေး

ကချင်ပြည်နယ်အတွင်း၌ မဲရုံပေါင်း ၈၆၆ ရုံရှိပြီး မဲဆန္ဒပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်တိုင်းရင်းသားပြည်သူ ၈၂၄၉၆၈ ဦးတို့က လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လွတ်လပ်လပ် စနစ်တကျ ဆန္ဒမဲပေး ရွေးချယ်ကြသည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဩစတြေးလျနိုင်ငံ သံရုံးမှ ဒုတိယအတွင်းဝန် Mr. Rhys Thompson နှင့် သံတမန်များ မြစ်ကြီးနားမြို့ ရေရပ်ကွက်ရှိ မဲရုံ အမှတ် (၁၁)၌ ဆန္ဒမဲရေတွက်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ဒူကထောင်ရပ်ကွက် အမှတ်(၇) အခြေခံပညာမူလတန်းကျောင်းရှိ မဲရုံအမှတ်(၁၃)၌ တိုင်းရင်းသားပြည်သူများ တက်ကြွပျော်ရွှင်စွာ ဆန္ဒမဲလာပေးကြစဉ်။
(သတင်းစဉ်)

GALLANT သင်တန်းကျောင်း၌ အင်ဂျင်နီယာသင်တန်းများ ဖွင့်လှစ်သင်ကြားလျက်ရှိ

နေပြည်တော် နိုဝင်ဘာ ၈

GALLANT သင်တန်းကျောင်း၌ နိုင်ငံတကာအသိအမှတ်ပြု အင်ဂျင်နီယာဒီပလိုမာ သင်တန်းများအပြင် GALLANT သင်တန်းကျောင်း အသိအမှတ်ပြု လုပ်ငန်းခွင်အသုံးချအင်ဂျင်နီယာနှင့် အင်ဂျင်နီယာပညာရပ်အသုံးချ ကွန်ပျူတာသင်တန်းများကို ဖွင့်လှစ်သင်ကြားလျက်ရှိသည်။အဆိုပါလုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာနှင့် အင်ဂျင်နီယာပညာရပ်အသုံးချ ကွန်ပျူတာသင်တန်းများသည် အချိန် နှစ်လမှ လေးလအထိသာကြာမြင့်ပြီး ကုန်ကျစရိတ်သက်သာသည့် ဘာသာရပ်များဖြစ်သည်။

ယင်းသင်တန်းများကို အခြေခံပညာအထက်တန်းအဆင့်ရှိသူများ၊ ဝိဇ္ဇာ၊ သိပ္ပံဘွဲ့ရရှိပြီးသူများ၊ AGTI နှင့် BE အဆင့်ရှိသူများ တက်ရောက်နိုင်ကြပြီး မိမိတို့၏ ပညာအခြေခံအလိုက် တက်ရောက်နိုင်ရန် ဘာသာရပ်များကို ထပ်မံခွဲခြားပေးထားသည်။

လုပ်ငန်းခွင်အသုံးချ အင်ဂျင်နီယာဘာသာရပ်(လတို) သင်တန်းများသည် ပြည်တွင်း၌ ကိုယ်ပိုင် အင်ဂျင်နီယာဆိုင်ရာ လုပ်ငန်းလုပ်ကိုင်လိုသူများ၊ ပြည်တွင်းလုပ်ငန်းခွင်ဝင်ရောက်လိုသူများ၊ ပြည်ပလုပ်ငန်းခွင် ဝင်ရောက်လိုသူများ၊ ပြည်ပလုပ်ငန်းခွင်များတွင် ကျွမ်းကျင်အဆင့် (Skill Level) ဖြင့် အလုပ်လျှောက်ထားလိုသူများ၊ ပြည်ပတွင် Technician အဆင့် အင်ဂျင်နီယာအဆင့်ထိ တာဝန်ထမ်းဆောင်လိုသူများ တက်ရောက်သင့်သည့် ဘာသာရပ်များဖြစ်သည်။

လုပ်ငန်းခွင်အသုံးချအင်ဂျင်နီယာနှင့် ကွန်ပျူတာသင်တန်းများကို သင်ထောက်ကူပစ္စည်း စုံလင်စွာဖြင့် လစဉ်တန်းခွဲသစ်များကို ဖွင့်လှစ်လျက်ရှိရာ စုံစမ်းလိုပါက အမှတ်(၅)(ဘီ-၅)(၄)လွှာ ဦးထွန်းလင်းခြံလမ်း လှည်းတန်း ကမာရွတ်မြို့နယ် ဖုန်း-၇၃၀၃၂၆၇၀၊ ၅၃၉၄၀၃၊ ၅၁၃၈၀၄နှင့် ၀၉-၅၁၂၈၀၂၆ တို့သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

ပြည်မြန်မာသတင်းဂျာနယ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ်(၇၄၂)ကို ရန်ကုန်မြို့ အနော်ရထာလမ်း (၃၉ လမ်းထောင့်) Central Tower ပထမထပ်ရှိ SweSone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ "ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်က ရွေးချယ်ခံရသည့် လွှတ်တော်ကိုယ်စားလှယ်များစာရင်း ကြေညာပြီ၊ မြန်မာ့ပထမဆုံး အထူးစီးပွားရေးဇုန်အဖြစ် ထားဝယ်ရေနက်ဆိပ်ကမ်းနှင့် စက်မှုဇုန်နယ်မြေတည်ဆောက်၊ GSM ဖုန်းများ နေပြည်တော်တွင် တရားဝင်အသုံးပြုနိုင်ပြီ၊ အာဆီယံ-ဗီယက်နမ် ချစ်ကြည်ရေး ဓာတ်ပုံပြိုင်ပွဲ၌ မြန်မာက ပထမဆုရရှိ၊ အိမ်တွင်းလုံခြုံရေးကို အဝေးမှ ထိန်းချုပ်နိုင်သည့်စနစ် ပြည်တွင်း၌ တပ်ဆင်နိုင်၊ ကားငှားလုပ်ငန်းများကို အွန်လိုင်းမှ တစ်ဆင့် ဝန်ဆောင်မှုပေးလာ၊ လာမည့်နှစ်ဆန်းတွင် မြန်မာ့ပထမဆုံး သုံးဖက်မြင်ဇာတ်ကားကြီးနှစ်ကား ရိုက်ကူးမည်၊ ရန်ကုန်-ဟိုချီမင်း လေကြောင်းခရီးစတင်ပျံသန်း၍ လက်မှတ်နှုန်းထားများကို ထက်ဝက်ကျော် လျှော့ပေးမည်၊ ထားဝယ်မှ ထိုင်းနိုင်ငံသို့ ရှစ်လမ်းသွား အဝေးပြေးလမ်းမကြီးနှင့် ရထားလမ်းများ ဆက်သွယ်မည်၊ တစ်သက်တာလုံး သိမ်းထားနိုင်မည့် ဓာတ်ပုံနှင့် ပန်းချီပေါင်းစပ်ထားသည့် ရေဆေးပန်းချီဓာတ်ပုံပြုလုပ်၊ ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းကို ပရိသတ် ၅၀၀၀၀ ဆံ့အထိ အဆင့်မြှင့်တိုးချဲ့တည်ဆောက်မည်၊ အသစ်ဖွင့်လှစ်လိုက်သော ဘဏ်လေးခုနှင့် ကမ္ဘောဇဘဏ်တို့ အကျိုးတူဆောင်ရွက်မည်၊ လေဖြတ်ဝေဒနာရှင်များအတွက် ပြည်တွင်းဖြစ်အကြောဖွင့်စက် ဈေးကွက်တွင်းရောင်းချ၊ ကမ္ဘာကျော်ကြိုးဆွဲမိုးပျံကားစီး၍ ရေခဲတောင်ခရီးနှင်ခဲ့စဉ်က၊ နာဆာမှ စက်ရုပ်လူသားကို လပေါ်သို့ စေလွှတ်တော့မည်၊ ဘောလုံးပွဲကျင်းပနေစဉ် သေနတ်ပစ်ခတ်ခံရပြီး ဘောလုံးသမား ၁၄ ဦးသေဆုံး၊ ကဏန်းအရှင်များကို ရောင်းချသည့် အလိုအလျောက်စက်များတပ်ဆင်၊ ကမ္ဘာ့ပထမဆုံးအဖြစ် လူ၏အသည်းအငယ်စားများကို ဓာတ်ခွဲခန်းအတွင်း၌ ပြုလုပ်နိုင်ပြီ၊ မိမိနေအိမ်အိပ်ခန်းကို မိမိကိုယ်တိုင် ကားဖြင့်ဝင်တိုက်မိပြီး မွေးကင်းစသမီးငယ်နှင့် ဇနီးတို့သေဆုံး၊ ဒုတိယကမ္ဘာစစ်အတွင်းက မြန်မာဒုက္ခသည် ၂၀၀ကို ကယ်တင်ခဲ့ပုံ မှတ်တမ်းရုပ်ရှင်ပြကွက်များ ထွက်ပေါ်လာ၊ ၁၀ နှစ်သားအရွယ် နီပေါကလေးငယ် ဧဝရက်တောင်ကို တက်နိုင်သည့် ကမ္ဘာ့အသက်ငယ်ဆုံးဖြစ်လာတော့မည်၊ အိမ်သာထဲသို့ ရေဖြင့်လောင်းချလိုက်မိသည့် စိန်လက်စွပ်ကို နှစ်နှစ်ကြာပြီးမှပြန်ရ၊ လူ့နှစ်ရပ်ကျော် ခုန်နိုင်သည့်ဖားကြီး၊ ဥရောပခေါင်းဆောင်များထံသို့ ပါဆယ်ဗုံးများပို့ခဲ့ကြောင်း တွေ့ရှိပြီးနောက် ဂရိက နိုင်ငံတကာစာပို့လုပ်ငန်းအားလုံး ရပ်ဆိုင်းထား၊ ဟောင်ကောင်လေဆိပ်၌ မျက်နှာတုတပ်ကာ အဘိုးအိုတစ်ဦးအသွင်ဖြင့် လေယာဉ်ပေါ်သို့ တက်ရောက်သွားပြီး ကနေဒါလေဆိပ်သို့ လူငယ်အာရှဒုက္ခသည်အဖြစ် ဝင်ရောက်ခဲ့သူကို ရဲကဖမ်းဆီး၊ သေနတ်သမားအဖြစ် သရုပ်ဆောင်သူ ရုပ်ရှင်မင်းသားကို တကယ့်လူသတ်သမားထင်ကာ အသေပစ်သတ်ခဲ့" စသည့် စိတ်ဝင်စားဖွယ်သတင်းများနှင့် ပါဝင်နေကျကဏ္ဍမျိုးစုံအပြင် ရှစ်မျက်နှာတိုးမြှင့်၍ မေတ္တာလက်ဆောင် အချပ်ပိုများနှင့်အတူ ဈေးနှုန်းမတက်ဘဲ အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြို့မ ကျောင်းသား၊ကျောင်းသူဟောင်းအသင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၈

မြို့မကျောင်းသား၊ကျောင်းသူဟောင်း အသင်းက ကြီးမှူးကျင်းပမည့် အကြိမ်(၃၀)မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁ ရက် (အမျိုးသားနေ့)နံနက် ၉ နာရီခွဲတွင် အသင်းတိုက်တည်ရှိရာ အမှတ်(၆၈) စကားဝါလမ်း ဒဂုံမြို့နယ်၌ ကျင်းပမည်ဖြစ်ရာ အလှူငွေပါဝင်လှူဒါန်းလိုသူများသည် မြို့မကျောင်းသား၊ကျောင်းသူဟောင်းအသင်း ဖုန်း-၂၅၀၁၅၃၊ ၇၃၀၁၁၇၀၇နှင့် အထွေထွေအတွင်းရေးမှူး ဦးသန်းဝင်း(ရုပ်ရှင်) ဖုန်း-၀၉-၅၀၁၉၄၀၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

အလီမှာ တမာရှိ



မူလတန်းကြိုကျောင်း အမှတ်(၅) တာမွေမြို့နယ်၏ ကျောင်းတွင်း ညဏစွမ်းရည်ပြိုင်ပွဲကို အောက်တိုဘာ ၅ ရက်က ကျောင်းခန်းမ၌ ကျင်းပရာ စုပေါင်းသီချင်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသော မသွန်းဝတီဦးနှင့် အဖွဲ့ ပါဝင်ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

စာပေဗိမာန်ထုတ် သုတပဒေသာစာစောင် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၈

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က နိုဝင်ဘာလထုတ် သုတပဒေသာစာစောင် အတွဲ(၃၇)၊ အမှတ်(၁၁)ကို ဘာသာပြန်စာပေ စိတ်ဝင်စားသည့် စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

အဆိုပါ သုတပဒေသာစာစောင်တွင် တစ်ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်အတွင်းမှ လယ်ယာစိုက်ပျိုးရေးကဏ္ဍ၊ မှန်ကန်သောအနာဂတ်ခရီးကို ရွေးချယ်ခြင်း၊ မလွဲမသွေအလုပ်ရအောင် အလုပ်လျှောက်နည်း၊ အင်္ဂလိပ်စကားပုံ၊ ဖတ်သမျှဒဿန၊ ဝေါဟာရကြွယ်ပါစေ၊ ပစိဖိတ်ကျွန်းနိုင်ငံများ၊ ဘာလင်တံတိုင်း၏ ဒဏ္ဍာရီ၊ ကမ္ဘာ့အမြင့်ဆုံးမိုးမျှော်တိုက်ကြီးများ၊ စူးစမ်းလေ့လာအန္တာတိကကမ္ဘာ၊ အာဖရိကတိုက်၏ ခေါင်မိုး၊ ဆိုလာလေယာဉ်အစ၊ ဒစ်ဂျယ်တယ်ခေတ်နှင့် လက်ရေးလက်သား၊ အင်္ဂါဂြိုဟ်ပေါ်မှ စက်ရုပ်များ၊ အိုဇုန်းအကြောင်း သိကောင်းစရာ၊ ပုရွက်ဆိတ်နှင့် အပင်၊ ကျိန်စာသင့်ရတနာ၊ သွေးချိုဆီးချိုရောဂါ၊ စိတ်ဖိစီးမှုကို ပျောက်သွားစေသောနည်း၊ သင်ဘယ်လောက်ပျော်စရာကောင်းသလဲ၊ စင်ကာပူနိုင်ငံကိုသွားပြီး အလုပ်လုပ်တော့မည်ဆိုလျှင်၊ နိုင်ငံတကာသတင်းမှတ်စု၊ ဆန်းသစ်ဖွေရှာဆေးပညာ၊ တရုတ်နက္ခတ္တဗေဒင် အစရှိသောဆောင်းပါး၊ ဝတ္ထုများအပြင် လစဉ်ပါနေကျ ဘာသာပြန်ကဗျာများ၊ ထူးဆန်းထွေလာ ဤမြေကမ္ဘာ၊ ဘာသာပြန်စာအုပ်စင်၊ ဟာသ၊ ကမ္ဘာ့မှုးယစ်ဆေးဝါးသတင်း စသည့် ဗဟုသုတဖြစ်ဖွယ်၊ သိမှတ်ဖွယ် သုတရသအကြောင်းအရာ မျိုးစုံပါရှိသည်။

ယခုလထုတ် သုတပဒေသာစာစောင်ကို တစ်အုပ်လျှင် ငွေကျပ် ၈၀၀ နှုန်းဖြင့် နေပြည်တော်သပြေကုန်းဈေးရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန်ကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကားဝယ်ယူလိုပါက စာပေဗိမာန်အရောင်းဌာန အမှတ်(၅၂၉-၅၃၁)ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း-၀၁-၂၄၉၀၃၁ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းများ

ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ အိန္ဒိယပါဝင်ရန် အမေရိကန်သမ္မတ အိုဘားမား ထောက်ခံ

နယူးဒေလီ နိုဝင်ဘာ ၈ - ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၌ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် အိန္ဒိယနိုင်ငံ ပါဝင်ခွင့်ရရှိရန် မိမိ ထောက်ခံကြောင်း အမေရိကန်သမ္မတ ဘာရတ်အိုဘားမားက နိုဝင်ဘာ ၈ ရက်တွင် ပြောကြားသည်။

အိုဘားမားသည် ၎င်း၏ အိန္ဒိယခရီးစဉ် နောက်ဆုံးနေ့၌ ပါလီမန်တွင် မိန့်ခွန်းပြောကြားခဲ့သည်။ အိန္ဒိယနိုင်ငံသည် ကုလသမဂ္ဂလုံခြုံရေးကောင်စီတွင် အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် ရွေးချယ်ခံရရန် ကြိုးပမ်းလာခဲ့သည်မှာ နှစ်ပေါင်း အတန်ကြာ ကြာမြင့်ခဲ့ပြီ ဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ပြုပြင်ပြောင်းလဲသည့်အခါ အိန္ဒိယနိုင်ငံ အမြဲတမ်းအဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ခွင့် ရရှိလာမည်ဟု မိမိမျှော်လင့်ကြောင်း အိုဘားမားက ပြောကြားသည်။ အိုဘားမားသည် အိန္ဒိယခရီးစဉ်အတွင်း ဘဏ္ဍာရေးအချက်အချာမြို့ဖြစ်သော မွမ်ဘိုင်းမြို့သို့ ဦးစွာရောက်ရှိခဲ့ပြီး နယူးဒေလီသို့ ဆိုက်ရောက်လာခဲ့သည်။

အိုဘားမားသည် နိုဝင်ဘာ ၉ ရက်တွင် အင်ဒိုနီးရှားနိုင်ငံသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။ **အင်တာနက်။**

နျူကလီးယားစွန့်ပစ်စွည်း တင်ဆောင်လာသောရထား ပြင်သစ်နိုင်ငံမှ ဂျာမနီသို့ ဆိုက်ရောက်လာ

ဒန်နင်ဘတ်ဂ် နိုဝင်ဘာ ၈ - နျူကလီးယားစွန့်ပစ်စွည်းများ တင်ဆောင်လာသော ရထားတစ်စင်းသည် ပြင်သစ်နိုင်ငံမှ ထွက်ခွာလာခဲ့ပြီးနောက် ခရီးဆုံးပန်းတိုင်ဖြစ်သော ဂျာမနီနိုင်ငံသို့ နိုဝင်ဘာ ၈ ရက်တွင် ရောက်ရှိလာသည်။

နျူကလီးယားစွန့်ပစ်စွည်းများ တင်ဆောင်ထားသောရထားသည် ဂျာမနီနိုင်ငံ ဒန်နင်ဘတ်ဂ်မြို့သို့ ရောက်ရှိလာပြီဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

ရေဒီယိုသတ္တိကြွ အညစ်အကြေးဖြစ်သော နျူကလီးယားစွန့်ပစ်စွည်း ၁၂၃ တန်ကို ရထားပေါ်မှ လော်ရီကားများပေါ်သို့ တင်ဆောင်ကာ ဒန်နင်ဘတ်ဂ်မြို့မှ ၁၂ မိုင်အကွာရှိ သိုလှောင်ရုံသို့ ဆက်လက်ပေးပို့မည်ဖြစ်ကြောင်း ရဲတပ်ဖွဲ့ပြောရေးဆိုခွင့် ရှိသူက ပြောကြားသည်။

နျူကလီးယားစွန့်ပစ်စွည်းများ တင်ဆောင်လာသော လော်ရီကားများကို ဖြတ်သန်းမောင်းနှင်ခြင်းမရှိရန် ဆန္ဒပြသူများက စီစဉ်ထားသည်။ ဂျာမနီနိုင်ငံမြောက်ပိုင်း ဂေါ်လီဘင်မြို့တွင် နျူကလီးယားစွန့်ပစ်စွည်းများ သိုလှောင်ရေးစခန်းကို မြေအောက်တွင် တည်ဆောက်ထားသည်။

နျူကလီးယားစွန့်ပစ်စွည်းသယ်ဆောင်မှုကို ကန့်ကွက်ဆန္ဒပြမှုများ ဆက်လက်ပြုလုပ်ကြမည်ဖြစ်ရာ လုံခြုံရေးထိန်းသိမ်းရန် ရဲတပ်ဖွဲ့ဝင် ၂၀၀၀၀ အထိ ဖြန့်ကြက်မည်ဖြစ်သည်။ **အေအက်ဖ်ပီ။**

ကိုလံဘီယာနိုင်ငံတွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၁၀၈ဦး သေဆုံး

ဘိုဂိုတာ နိုဝင်ဘာ ၈ - ကိုလံဘီယာနိုင်ငံတွင် ယခုနှစ်အတွင်း မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် နိုင်ငံတွင်းရှိ ဒေသ ၃၂ခု အနက် ၂၈ခုတွင် ပြင်းထန်စွာခံစားခဲ့ကြရာ လူဦးရေ ၁ ဒသမ ၁ သန်း ဘေးဒုက္ခကြုံတွေ့ရပြီး လူပေါင်း ၁၀၈ဦးထက်မနည်း သေဆုံးရကြောင်း ကိုလံဘီယာနိုင်ငံ ကြက်ခြေနီတပ်ဖွဲ့ ကယ်ဆယ်ရေးဌာနမှ ညွှန်ကြားရေးမှူး ကာလို့စ်အိုင်ဗန်မာကွက်ဇ်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။

အများဆုံး ဘေးဒုက္ခကျရောက်ခဲ့ရသည့် ဒေသများမှာ ဘိုလီဗာ၊ ပက်ဒါလီနာ၊ ဆူခရီ၊ ကော်ဒိုဘာ၊ သိုကိုနှင့် အန်တီယိုကွီယာ တို့ဖြစ်ကြောင်း ဒေသခံအသံလွှင့်သတင်းဌာနတစ်ခုက ပြောကြားကြောင်း၊ ဒုက္ခသည်များအတွက် အကူအညီ တန် ၁၆၀ကို စနေနေ့က ပေးပို့လိုက်ကြောင်း မာကွက်ဇ်က ဖြည့်စွက်ပြောကြားသည်။

မက်ဒါလီနာနှင့် ကော့ကာမြစ်ရေမှာ အမြင့်ဆုံးအဆင့်သို့ တက်ခဲ့ခြင်းကြောင့် မြစ်ရေလျှံမှုနှင့် ဒေသများစွာတွင် မြေပြိုမှုများ ဖြစ်ပေါ်ရကြောင်း သိရသည်။ **အမ်အင်အေ၊ ဆင်ဟွာ။**

သက်တမ်း နှစ်ပေါင်း ၄၈ သန်းခန့်ရှိ ပင်လယ်ရေအောက်မီးတောင် ရှာဖွေတွေ့ရှိ

ကင်ဘာရာ နိုဝင်ဘာ ၈

ဩစတြေးလျနိုင်ငံ အနောက်ဘက် ပင်လယ်ကမ်းရိုးတန်း ကမ်းလွန်ဒေသတစ်နေရာတွင် သက်တမ်းနှစ်ပေါင်း ၄၈ သန်းရှိမည်ဟု ခန့်မှန်းရသော ရှားပါးလှသည့် မီးတောင်တစ်လုံးကို အဏ္ဏဝါသိပ္ပံပညာရှင်များ ရှာဖွေတွေ့ရှိရကြောင်း သုတေသနအဖွဲ့ခေါင်းဆောင်တစ်ဦးက နိုဝင်ဘာ ၁ ရက်တွင် ပြောကြားသည်။

ထုချွန်ပုံ ပုံသဏ္ဌာန်ရှိ အဆိုပါ မီးတောင်သည် မီတာ ၂၀၀ အမြင့်ရှိပြီး အလျားလိုက် အရှည် မီတာ ၈၀၀ ရှိကြောင်း၊ ပင်လယ်ရေမျက်နှာပြင်အောက်ဘက် နှစ်ကီလိုမီတာအကွာတွင် ရေအောက် မီးတောင်ကို ရှာဖွေတွေ့ရှိရကြောင်း ဩစတြေးလျတောင်ပိုင်း သုတေသနနှင့်ဖွံ့ဖြိုးရေးသိပ္ပံ အကြီးအကဲ ဒေါက်တာ ဒေးဗစ် ကာရီက ပြောကြားသည်။

ထိန်းသိမ်းစောင့်ရှောက်ထားသော ပင်လယ်သမုဒ္ဒရာ နယ်မြေတစ်ခုအတွင်း ယင်းရေအောက်မီးတောင် တည်ရှိပြီး အနောက်ဘက် ပင်လယ်ကမ်းရိုးတန်းကမ်းလွန် ရေမိုင် ၁၀၀ အကွာတွင် ရှာဖွေတွေ့ရှိရကြောင်း ကာရီက ပြောကြားသည်။

မီးတောင်တည်ရှိရာနေရာသည် ဂရိတ်ဩစတြေးလျတိုက် (Great Australia Bight) ဟု အမည်ပေးထားသော ထိန်းသိမ်းစောင့်ရှောက်ထားသည့် နယ်မြေအတွင်း၌ တည်ရှိသဖြင့် ပင်လယ်ငါးဖမ်းခွင့်မရှိပေ။

ထိန်းသိမ်းစောင့်ရှောက်ထားသော ၎င်းနယ်မြေအတွင်း ပင်လယ်ကြမ်းပြင် တည်ရှိနေပုံကို မြေပုံထုတ်ရန် ကြိုးပမ်းနေကြသည့် သိပ္ပံပညာရှင်များက အဆိုပါ ရေအောက်မီးတောင်ကို ရှာဖွေတွေ့ရှိခြင်းဖြစ်သည်။

ပင်လယ်ရေအောက်မီးတောင်ကို Anna's Pimple ဟု အမည်ပေးထားသည်။

ပင်လယ်ရေအောက် ကြမ်းပြင် ညီညာမှု ရှိသည်ဟု ယခင်က ယူဆခဲ့ကြသော နယ်မြေအတွင်း ရေအောက် မီးတောင်ကို ရှာဖွေတွေ့ရှိရခြင်းမှာ လွန်စွာစိတ်ဝင်စား ဖွယ်ရာကောင်းသည် ဆို၏။

ပင်လယ်ရေအောက်မီးတောင်သည် လွန်ခဲ့သည့် နှစ်ပေါင်း ၄၈ သန်းက စတင်ဖွဲ့စည်းဖြစ်ပေါ်ခဲ့သည်ဟု သိပ္ပံပညာရှင်များက ယူဆသည်။ **အင်တာနက်။**

ပင်လယ်အောက် စူးစမ်းလေ့လာရေးလုပ်ငန်း အတွက် အသုံးပြုသော Southern Surveyor သင်္ဘောကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုင်းမှူး ဗိုလ်မှူးချုပ်ခင်မောင်ဌေး မြိတ်မြို့နယ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၈

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ စစ်မှုထမ်းဟောင်းအိမ်ရာ အမှတ်(၂) ပန္နက်တင်မင်္ဂလာအခမ်းအနားကို အောက်တိုဘာ ၂၆ ရက် နံနက်ပိုင်းတွင် အဆိုပါ စစ်မှုထမ်းဟောင်းအိမ်ရာ၌ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ခင်မောင်ဌေး၊ တပ်မတော်အရာရှိကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူများက အဆောက်အအုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး တိုင်းမှူးနှင့် တာဝန်ရှိသူများက သတ်မှတ်နေရာများ၌ ပန္နက်ရိုက်ပေးကြသည်။

ယင်းနောက် တိုင်းမှူးသည် မြိတ်မြို့ မီးပွိုင့်တပ်ဆင်ခြင်းနှင့် လုပ်ငန်းဆောင်ရွက်မှုတို့ကိုလည်းကောင်း၊ မြို့နယ်အထွေထွေရောဂါကုဆေးရုံကြီး သီးသန့်ကုသဆောင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ တိုင်းမှူးသည် ခမောက်ကြီးမြို့နယ် ယုဇနဆီအုန်းကုမ္ပဏီလီမိတက်သို့ရောက်ရှိ၍ ကုန်ထုတ်လမ်းများ ဖောက်လုပ်ပြီးစီးမှုနှင့် ဆိပ်ကမ်းတည်ဆောက်ရန် ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြပြီး တိုင်းမှူးက ယုဇနကုမ္ပဏီ ဇီဝစိုးငှက်သိုက်အိမ်နှင့် ချောင်းဖျားကြီး ဆီအုန်းပျိုးပင်စခန်း၌ ပျိုးပင်များ ပျိုးထောင်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ယုဇနကုမ္ပဏီလီမိတက် ဆီအုန်းဆီကြိမ်းစက်ရုံ၌ ဆီကြိမ်းထုတ်လုပ်မှု လုပ်ငန်းအဆင့်ဆင့်ကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းခွင်အတွင်း လိုက်လံရှင်းလင်းပြသကြသည်။

တိုင်းမှူးသည် အောက်တိုဘာ ၂၇ ရက်တွင် ယုဇနကုမ္ပဏီနှင့် ပိုကောင်းကုမ္ပဏီတို့၏ ဆီအုန်းစိုက်ခင်းများ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေမှုနှင့် ပျိုးခင်းများ ပျိုးထောင်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တိုင်းမှူးသည် စမ်းသီတာ တပ်နယ် နယ်မြေခံတပ်ရင်းခန်းမ၌ အရာရှိ စစ်သည်၊ မိသားစုဝင်များနှင့် တွေ့ဆုံ အမှာစကားပြောကြားပြီး စစ်သည် မိသားစုဝင်များအတွက် ကျောင်းသုံးဗလာစာအုပ်များကို ပေးအပ်ကာ လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

နိုဝင်ဘာ ၁ ရက်က ကမ္ဘောဇလမ်း ရွှေတောင်ကြား (၂) ရပ်ကွက် ဗဟန်းမြို့နယ် ရန်ကုန်မြို့နေ ဗိုလ်မှူးကြီး ညိန်းမောင် (ငြိမ်း) မိသားစုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီး (ရန်ကုန်) သို့ ထာဝရဆေးပဒေသာပင် အလှူငွေ သိန်း ၃၀ နှင့် ငွေကျပ် ၂၆၅၇၀၀ တန်ဖိုးရှိ ဆေးရုံသုံးပစ္စည်းများလှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးမောင်မောင် လက်ခံစဉ်။ (သတင်းစဉ်)

နိုဝင်ဘာလထုတ် ငွေတာရီမဂ္ဂဇင်း ထွက်ပြီ

ရန်ကုန် နိုဝင်ဘာ ၈

ရန်နိုင်ဦး၏ ပန်းချီလက်ရာနှင့်အတူ မင်းယုဝေ၊ ညွန့်ဝေ (ကသာ)၊ ကို(တက္ကသိုလ်)၊ မောင်ဟေမာ၊ မောင်ကြင်နွယ်၊ မောင်ယဉ်မှူး၊ နုသဇင်၊ ဌေးကြည် (စလင်း)၊ မောင်နီဝင်း(ပခုက္ကူ)၊ အဖျောက် မြေမောင်ဆွေမွန်တို့၏ ရသစုံကဗျာ ပုံရိပ်များ၊ ငွေကြည်၊ တင်အောင်နီ၊ မြေဇာ၊ သစ်ထွဏ်း၊ သူရမိုး၊ ရွှေကိုဦးတို့၏ ကာတွန်းလက်ရာများ အပါအဝင် ရှင်ဉာဏ(ဖျာပုံ)၊ ဒေါက်တာမတင်ဝင်း (ပညာရေးတက္ကသိုလ်)၊ မကြန်၊ ထွန်းလပြည့်သစ်၊ မောင်ခင်မင်(ဓနုဖြူ)၊ မောင်စူးစမ်း၊ လှထွန်း(တွံတေး)၊ ညောင်ဦးဖိုးချို၊ ချစ်စံဝင်း၊ ထွန်းဦးတင်၊ ဂွမ်းဖြူဇင်၊ သုဝဏ္ဏကျော်စိန်၊ နေမင်းသိမ်း၊ လှဘုန်းအောင်၊ ဦးကြည်ရွှေ၊ ဗိုလ်ကလေးတင့်အောင်၊ ရန်နိုင်၊ ရဲမာန်ခ၊ ပေါ်ဦးသစ်၊ မအိမ်သူ၊ သော်ဇင်သစ်၊ ဖိုးရန်နိုင်(ကျောက်ကြီး)၊ မောင်ကြည်သစ်ဦး၊ နိုင်ဇော်၊ မနုသကျော်ဝင်း၊ မြင့်ဆွေ(မျက်စိအတု)၊ ဒေါက်တာ ဦးစံတင်အောင်(ရွှေဘို)တို့၏ စာပေရေးရာနှင့် သုတရသဆောင်းပါးများအပြင် မောင်စိန်ဝင်း(ပုတီးကုန်း)၊ သာထပ်ဖေ၊ သျှီ(အင်ကြင်း)၊ ခင်ဆွေလတ်၊ သောင်းဝေဦးတို့၏ ဝတ္ထုများကိုပါ နှစ်သက်ဖွယ်ရာဖတ်ရှုကြရမည်ဖြစ်သည်။

ငွေတာရီမဂ္ဂဇင်းကို အမှတ်(၁၈၁) ၃၂ လမ်း(အထက်) ပန်းဘဲတန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၇၁၂၄၄ နှင့် အမှတ်(၁၅) တပ်မြေ မိုးကောင်းဘုရားလမ်း (၁၅)ရပ်ကွက် ဘောက်ထော် ရန်ကင်းမြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၅၉၂၇၃ သို့ ဆက်သွယ်မှာကြား ဝယ်ယူဖတ်ရှုနိုင်ကြောင်းနှင့် စာဖတ်သူထံ VPP အရောက်ပို့စနစ်ဖြင့်လည်း ရောင်းချပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဗ္ဗသီရိ၊ ဒက္ခိဏသီရိ၊ လယ်ဝေးနှင့် ဇမ္ဗူသီရိမြို့နယ်တို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော

နေပြည်တော် နိုဝင်ဘာ ၈

နေပြည်တော် ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီက ကြီးမှူး၍ နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့သည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြောပွဲများကို အောက်တိုဘာ ၂၉ ရက်၊ ၃၁ ရက်နှင့် နိုဝင်ဘာ ၁ ရက်တို့တွင် နေပြည်တော်ခရိုင် ပုဗ္ဗသီရိမြို့နယ်၊ ဒက္ခိဏသီရိမြို့နယ်၊ လယ်ဝေးမြို့နယ်နှင့် ဇမ္ဗူသီရိ မြို့နယ်တို့အတွင်းရှိ ကျေးရွာများ၌ ကျင်းပသည်။

ပုဗ္ဗသီရိမြို့နယ် သပြေတန်းကျေးရွာ၌ အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပသော ဟောပြောပွဲသို့ ကျေးရွာဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် ပြည်သူ ၁၃၀ တို့ တက်ရောက်ကြပြီး နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ (၂) မှ ရဲအုပ် ခင်မောင်ရွှေက လည်းကောင်း၊ ဒက္ခိဏသီရိမြို့နယ် ရွှေအင်ကြင်းရပ်ကွက်၌ အောက်တိုဘာ ၂၉ ရက်တွင် ကျင်းပသော ဟောပြောပွဲသို့ ရပ်ကွက် ဥက္ကဋ္ဌ ဦးကြည်စိုးနှင့် ရပ်ကွက်ပြည်သူ ၁၈၀ တို့ တက်ရောက်ကြပြီး နေပြည်တော်ယာဉ်ထိန်းတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ (၂) ရဲအုပ်ထွန်းထွန်းက လည်းကောင်း၊ လယ်ဝေးမြို့နယ် ဇလော ကျေးရွာ၌ အောက်တိုဘာ ၃၁ ရက်တွင် ကျင်းပသော ဟောပြောပွဲသို့ ကျေးရွာဥက္ကဋ္ဌ ဦးမာတင်နှင့် ကျေးလက်ပြည်သူ ၁၈၀ တို့ တက်ရောက်ကြပြီး နေပြည်တော် ယာဉ်ထိန်း တပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ (၂) ရဲအုပ်တင်ဝင်းက လည်းကောင်း၊ ဇမ္ဗူသီရိ မြို့နယ် သပြေကုန်းရပ်ကွက်၌ နိုဝင်ဘာ ၁ ရက်တွင် ကျင်းပသော ဟောပြောပွဲသို့ ရပ်ကွက်ဥက္ကဋ္ဌ ဦးလှဝင်းနှင့် ရပ်ကွက်ပြည်သူ ၁၀၅ ဦးတို့ တက်ရောက်ကြပြီး နေပြည်တော် ယာဉ်ထိန်းတပ်ဖွဲ့ စည်းကမ်းထိန်းသိမ်းရေးတပ်ခွဲ (၁) ရဲအုပ်မင်းသိုက်ထိုက်က လည်းကောင်း အပြည်ပြည်ဆိုင်ရာ ယာဉ်ထိန်းသိမ်းခြင်း နည်းစနစ်များအရ ပညာပေး ခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေပေးခြင်း၊ ရေဒီယို၊ ရုပ်မြင်သံကြားမှ ထုတ်လွှင့်ပေး ခြင်း၊ LCD Board/ LED Board များဖြင့် အသိပေးဆောင်ရွက်ခြင်းနှင့် အင်ဂျင်နီယာ နည်းစနစ်အရ လမ်းပိုင်းများပြုပြင်တိုးချဲ့ခြင်းတို့ကို ပြုပြီးဖြစ်၍ လမ်းအသုံးပြုသူများ လိုက်နာကြရန် လိုအပ်ကြောင်း၊ ကိုယ်စီအသိစိတ်ဖြင့် လိုက်နာမှု မရှိကြ၍ ၂၀၁၀ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ အောက်တိုဘာ ၃၁ ရက်အထိ ယာဉ်တိုက်မှု ၂၆၂ မှုတွင် ၄၀၃ ဦး ဒဏ်ရာရပြီး ၁၄၅ ဦး သေဆုံးခဲ့ကြောင်း ဟောပြောဆွေးနွေးကြပြီး ယာဉ်တိုက်မှုသာဓက ဖြစ်စဉ်များ၊ ပညာပေးဇာတ်လမ်းတိုများကို ပရိုဂျက်တာပါဝါပွိုင့်ဖြင့် ပြသခဲ့ကြကာ ပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

မကွေးမြို့ မင်းကံကြီးရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံ၌ ဆန္ဒမဲများ ရေတွက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များ မကွေးမြို့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုများကို ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယမန်နေ့ နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းရှိ သတ်မှတ်မဲဆန္ဒနယ်အသီးသီး၌ ကျင်းပရာ မကွေးတိုင်းဒေသကြီးအတွင်း၌လည်း တစ်ပြိုင်တည်းကျင်းပပြီး မဲဆန္ဒရှင်ပြည်သူများသည် မဲရုံများသို့ပျော်ရွှင်စွာ သွားရောက်၍ လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား မိမိတို့စိတ်ကြိုက် မဲပေးရွေးချယ်ကြသည်။

မကွေးတိုင်းဒေသကြီး မကွေးမြို့၌ ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပမှုများကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အင်ဒိုနီးရှားသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Sebastianus Sumarsono၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးမှ ကောင်စစ်ဝန် MR. Dmitry DARCHENKOV နှင့် ထိုင်းနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mrs. Salinee Phonprapai တို့သည် တာဝန်ရှိသူများနှင့်အတူ နံနက်ပိုင်းတွင် မကွေးမြို့ အောင်ရတနာရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံ၊ မင်းကံကြီးရပ်ကွက် ပညာရေးကောလိပ်ရှိ မဲရုံ၊ မင်းကံကြီးရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံ၊ မင်းဘူးမြို့ အမှတ်(၂)ရပ်ကွက် မြို့မ အခြေခံပညာ အလယ်တန်းကျောင်းရှိ မဲရုံ၊ အမှတ်(၃)ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံနှင့် အမှတ်(၄)ရပ်ကွက် ရွှေမင်္ဂလာအခြေခံပညာမူလတန်းကျောင်းရှိ မဲရုံတို့သို့ သွားရောက်ကြည့်ရှု လေ့လာကြသည်။

မွန်းလွဲပိုင်းတွင် မကွေးမြို့ ဈေးလယ်စိုးရပ်ကွက် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းရှိမဲရုံ၊ အောင်ရတနာရပ်ကွက် ကုန်စည်ဒိုင်ရှိ မဲရုံနှင့် အောင်ရတနာရပ်ကွက် အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံတို့သို့ သွားရောက်၍ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှု၊ တာဝန်ရှိသူများ၏ စနစ်တကျ မဲရေတွက်နေမှုနှင့် သတ်မှတ်ပုံစံဖြင့် မှတ်တမ်းတင်နေမှုတို့ကို လှည့်လည်ကြည့်ရှု လေ့လာကြသည်။

ထို့အတူ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်များ၊ ပြည်တွင်းဂျာနယ်၊ မဂ္ဂဇင်းများမှ စာတည်းအဖွဲ့ဝင်များနှင့် သတင်းထောက်များသည်လည်း မကွေးမြို့၌ မဲဆန္ဒရှင်ပြည်သူများ မဲပေးနေမှု၊ တာဝန်ရှိသူများ၏ စနစ်တကျမဲရေတွက်နေမှုတို့ကို ကြည့်ရှုလေ့လာကြသည်။

မကွေးမြို့တွင် ရပ်ကွက်၊ ကျေးရွာပေါင်း ၇၆ ခု၊ မဲရုံပေါင်း ၂၆၆ ရုံ၊ ဆန္ဒမဲပေးခွင့်ရှိသူ ၁၈၁၂၈၁ ဦး ရှိပြီး မင်းဘူးမြို့တွင် ရပ်ကွက်၊ ကျေးရွာပေါင်း ၇၄ ခု၊ မဲရုံပေါင်း ၁၇၂ ရုံ၊ ဆန္ဒမဲပေးခွင့်ရှိသူ ၁၁၇၉၀၉ ဦး ရှိသည်။

ထို့အတူ မကွေးတိုင်းဒေသကြီးတွင် ရပ်ကွက်၊ ကျေးရွာပေါင်း ၁၇၀၅၊ မဲရုံပေါင်း ၄၄၃၆ ရုံ၊ ဆန္ဒမဲပေးခွင့်ရှိသူ ၂၆၉၅၅၄၆ ဦး၊ ချင်းတိုင်းရင်းသားမဲရုံ ၅၁၀ နှင့် ဆန္ဒမဲပေးခွင့်ရှိသူ ၆၆၈၂၇ ဦး ရှိကြောင်း သိရှိရသည်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံပိုင် အားကစားကွင်းများအား မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးကလပ်များသို့ ငှားရမ်းပေး ရေးစာချုပ် လက်မှတ်ရေးထိုးမှု အခမ်းအနားကျင်းပစဉ်။ (သတင်းစဉ်)

ကျေးရွာစာကြည့်တိုက်ဆောက်လုပ်မှု သိန်းနီမြို့နယ်၌ ကွင်းဆင်းစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၈

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ခင်စောလင်းသည် အောက်တိုဘာ ၂၇ ရက်တွင် သိန်းနီမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ရုံးဝန်ထမ်းများနှင့် တွေ့ဆုံ၍ ရုံးလုပ်ငန်းများဆောင်ရွက်ထားရှိမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ခရိုင်ဦးစီးအရာရှိသည် သိန်းနီမြို့နယ် ပိန်းဆာကျေးရွာ ပညာအလင်းစာကြည့်တိုက်၊ မိုင်းလီကျေးရွာ ပညာအလင်းစာကြည့်တိုက်နှင့် ပန်စုံကျေးရွာ၌ နိုင်ငံတော်မတည်ငွေဖြင့် ဆောက်လုပ်လျက်ရှိသော ကျေးရွာစာကြည့်တိုက် ဆောက်လုပ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ သတ်မှတ်စံချိန်စံညွှန်းနှင့် ပြည့်မီသော စာကြည့်တိုက်ဖြစ်ရေးနှင့် အမြန်ဆောက်လုပ်ပြီးစီးရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးနေ့ ဝန်ကြီး ဦးဉာဏ်ဝင်း သဝဏ်လွှာပေးပို့

နေပြည်တော် နိုဝင်ဘာ ၉

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၅၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အခါသမယ၌ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းထံမှ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဟော်နမ်ဟောင်ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာ ပေးပို့သည်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၁၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

၇း၀၀	၁။	တောင်တန်း သာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၁၅	၂။	အင်္ဂဇယမင်္ဂလံ(ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
၇း၂၅	၃။	ကျန်းမာဖို့အတူကစားစို့
၇း၃၀	၄။	နံနက်ခင်းသတင်း
၇း၄၀	၅။	သံသာချိုအေးမင်္ဂလာတေး
၇း၅၅	၆။	အကပြိုင်ပွဲ
၈း၁၀	၇။	နှောင်းခေတ်တေးပဒေသာ
၈း၂၀	၈။	“ငှက်တစ်သောင်း”
၈း၃၅	၉။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၄၀	၁၀။	International News
၈း၄၅	၁၁။	တေးဂီတအစီအစဉ်
၉း၀၀	၁၂။	အစီအစဉ်ပြီး၏။

ညပိုင်း

၃း၁၅	၁။	Myanmar National League MNL Grand Royal Cup (2010) ဘောလုံးပြိုင်ပွဲတိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ် (ဇေယျာရွှေမြေ F.C နှင့် ရတနာပုံ F.C)
၅း၁၅	၂။	တေးဂီတအစီအစဉ်
၅း၂၅	၃။	နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
၅း၄၀	၄။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၅း၄၅	၅။	ရင်မှာစွဲထင်တေးအလှသံစဉ်
၆း၀၀	၆။	ညနေခင်းသတင်း
၆း၁၅	၇။	မိုးလေဝသအခြေအနေ
၆း၂၀	၈။	ကြယ်ပွင့်များရဲ့ရင်ခုန်သံ
၆း၃၀	၉။	ဆိုလိုက်ကြစို့
၇း၀၀	၁၀။	နိုင်ငံခြားဇာတ်လမ်းတွဲ “နှင်းပွင့်သစ္စာ” (အပိုင်း-၆)
၈း၀၀	၁၁။	ပြည်တွင်းသတင်း
	၁၂။	နိုင်ငံတကာသတင်းများ
	၁၃။	မိုးလေဝသအခြေအနေ
	၁၄။	ရယ်စရာဟာသများ
	၁၅။	နိုင်ငံခြားဇာတ်လမ်းတွဲ “ရေသူမလေး နောက်ဆုံးချစ်ပုံပြင်” (ပထမပိုင်း) (အပိုင်း-၅)
	၁၆။	“ရုပ်ရှင်ပဟေဠိ”
	၁၇။	အစီအစဉ်ပြီး၏။

နိုင်ငံပိုင်အားကစားကွင်းများကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးကလပ်များသို့ ငှားရမ်းပေးရေးစာချုပ် လက်မှတ်ရေးထိုးမှုအခမ်းအနား ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံပိုင်အားကစားကွင်းများအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးကလပ်များသို့ ငှားရမ်းပေးရေးစာချုပ် လက်မှတ်ရေးထိုးမှုအခမ်းအနားကို ယနေ့ ညနေ ၄ နာရီတွင် နေပြည်တော်ရှိ အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရအဖွဲ့ အတွင်းရေးမှူး အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်း၊ အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်၊ အားကစားဝန်ကြီးဌာနနှင့် ရှေ့နေချုပ်ရုံးတို့မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးဇော်ဇော်နှင့် တာဝန်ရှိသူများ၊ ဘောလုံးကလပ်အသင်းပိုင်ရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ် ဦးသန့်ရှင်းက လုပ်ငန်းနှင့်စပ်လျဉ်း၍ အဖွင့်အမှာစကားပြောကြားသည်။

ယင်းနောက် ရှေ့နေချုပ်ရုံး ညွှန်ကြားရေးမှူး ဦးကျော်ဆန်းက စာချုပ်စာတမ်းဆိုင်ရာ ဥပဒေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်နှင့် ဘောလုံးကလပ်အသင်းများအလိုက် စာချုပ်လက်မှတ် ရေးထိုးကြကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

သတိပေး နှိုးဆော်ချက်

ယာဉ်မတော်တဆဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ ပေါ့ဆမှုတို့ကြောင့်ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ(ခြေကျင်သွားလာသူ) များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်းမပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြထိန်းသိမ်းမှု မရှိသောနေရာများမှ လမ်းကူးပါက **“ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး”** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များ မွန်ပြည်နယ် မော်လမြိုင်မြို့၌ မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှု ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယမန်နေ့ နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းရှိ သတ်မှတ်မဲဆန္ဒနယ်အသီးသီး၌ တစ်ပြိုင်တည်း ကျင်းပခဲ့သည်။

မွန်ပြည်နယ်၌လည်း ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြည်နယ်အတွင်းရှိ မြို့နယ်များ၌ ကျင်းပခဲ့ရာ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများသည် မဲရုံများသို့ စနစ်တကျ သွားရောက်ကြပြီး လွှတ်တော်အသီးသီးအတွက် လွှတ်တော်ကိုယ်စားလှယ်များအား လွတ်လပ်ပျော်ရွှင်စွာ မိမိတို့စိတ်ကြိုက် မဲပေးရွေးချယ်ကြသည်။

ကြည့်ရှုလေ့လာ

မွန်ပြည်နယ် မော်လမြိုင်မြို့၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲနှင့် မဲဆန္ဒရှင်ပြည်သူများ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲပေးနေမှု၊ တာဝန်ရှိသူများ၏ စနစ်တကျ မဲရေတွက်နေမှုတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးမှ သံမှူး Ms. Yukiko Shiba၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံရုံးမှ တတိယအတွင်းဝန် Mr. Joselito Chad N. Jacinto, Jr နှင့် ဘင်္ဂလားဒေ့ရှ် ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Brig-Gen Md Shahibul Haque တို့သည် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုလေ့လာကြသည်။

ဆန္ဒမဲပေး

ယင်းသို့ ကြည့်ရှုလေ့လာကြရာ၌ နံနက်ပိုင်းတွင် ပညာရေးကောလိပ် ပညာညီလာခံမရှိ မဲရုံအမှတ်(၁)၊ ဖက်တန်းရပ်ကွက် အမှတ်(၈) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ မရမ်းကုန်းရပ်ကွက် အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)နှင့် ပန်းဘဲတန်းရပ်ကွက် အမှတ်(၉) အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)တို့သို့ သွားရောက်၍ မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများ မိမိတို့ဆန္ဒအလျောက် ဆန္ဒမဲပေးနေမှုများကို ကြည့်ရှုလေ့လာကြသည်။

စနစ်တကျရေတွက်

ညနေပိုင်းတွင် ကွင်းရပ်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း(တောင်ကုန်း)ရှိ မဲရုံအမှတ်(၃)သို့ သွားရောက်ကြပြီး ဆန္ဒမဲပေးနေမှုများကို လည်းကောင်း၊ တာဝန်ရှိသူများ၏ ဆန္ဒမဲပေးထားမှုများအား စနစ်တကျ ရေတွက်မှတ်တမ်းတင်မှုတို့ကို လည်းကောင်း ကြည့်ရှုလေ့လာကြသည်။

သံတမန်များနှင့်အတူ မြန်မာနိုင်ငံ နိုင်ငံခြား သတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်နှင့် ဂျာနယ်များမှ သတင်းထောက်များလည်း ကြည့်ရှုလေ့လာ၍ သတင်းရယူကြသည်။

သံတမန်များနှင့် သတင်းထောက်များအား မွန်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးသိန်းထွန်းအေး၊ အတွင်းရေးမှူး ဦးဉာဏ်လင်းနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးမှ သံမှူး Ms. Yukiko Shiba နှင့် သံတမန်များ မော်လမြိုင်မြို့ ပညာရေးကောလိပ် ပညာညီလာခံမရှိ မဲရုံအမှတ်(၁)၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

မော်လမြိုင်မြို့ ပညာရေးကောလိပ် ပညာညီလာခံမရှိ မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်များ လွတ်လပ်ပျော်ရွှင်စွာ ဆန္ဒမဲလာပေးကြစဉ်။ (သတင်းစဉ်)

မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက် အမှတ်(၉) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၌ ဆန္ဒမဲလက်မှတ်များ ရေတွက်စဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးမှ သံမှူး Ms. Yukiko Shiba နှင့် သံတမန်များ၊ သတင်းထောက်များ မော်လမြိုင်မြို့ ပညာရေးကောလိပ် ပညာညီလာခံမရှိ မဲရုံအမှတ်(၁)၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၁၁) ထုတ်ဝေဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၈

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကော်မတီသည် ရန်ကုန်မြို့တွင် လူဦးရေ ၆ ဒသမ ၆ သန်းကျော်ရှိသည့်အနက် ခရီးသွားလျက်ရှိသော ရန်ကုန်ခရီးသွားပြည်သူ ၃ ဒသမ ၄ သန်းမှ ခရီးသည် နှစ်သန်း ခရီးသွားလာမှု အဆင်ပြေစေရန် ယာဉ်လိုင်းပေါင်း ၁၃၀ တွင် ကားအစီး ၁၉၀၀ တို့ဖြင့် ခရီးသည်များ ဘေးမသီရန်မခ လိုရာခရီးကို သတ်မှတ်ယာဉ်စီးခနှုန်းထားဖြင့် စိတ်ချလက်ချ သွားလာနိုင်အောင် စီစဉ်ဆောင်ရွက်လျက်ရှိပြီး ရန်ကုန်ခရီးသွားလုပ်ငန်း အရည်အသွေးမြှင့်တင်ရန်၊ ယာဉ်တိုက်မှုများ လျော့နည်းပပျောက်စေရန်၊ ယာဉ်ပိုင်ရှင်၊ ယာဉ်လုပ်သားများ အသိပညာတိုးတက်ရန်၊ လိမ္မာယဉ်ကျေးရန်၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း သိရှိလိုက်နာစေရန်နှင့် ခရီးသွားပြည်သူများနှင့် ယာဉ်လုပ်သားများ သဟဇာတဖြစ်စေရန်တို့အတွက် ရည်ရွယ်၍ ရန်ကုန်ခရီးသွားဂျာနယ် အတွဲ(၃)၊ အမှတ်(၁၁)ကို ထုတ်ဝေဖြန့်ချိလိုက်သည်။

ယခုထုတ်ဝေလိုက်သော ရန်ကုန်ခရီးသွားဂျာနယ်တွင် သူရဇော်၊ မြေလတ်ညိုလင်း၊ မင်းရွှေမိုးတို့၏ ကဗျာများ၊ ဇော်မင်းကြီး၊ သိန်းနိုင်တို့၏ ကာတွန်းကဏ္ဍ၊ ဓမ္မာစရိယ ဦးခင်မောင်၊ ခင်မြန်မာ၊ ကပ္ပိယတစ်ဦး၊ တက္ကသိုလ်ညိုသန့်၊ မောင်မောင်(ယထ)၊ ဖေမြင့်၊ အရှင်ပါမောက္ခ (ကြို့ပင်ကောက်)၊ မောင်သွေးသစ်၊ မောင်မြတ်မွန်(ဆူးလေ)၊ ပြည်စိုး၊ ဒေါက်တာဒေါ်စိုးသူ၊ ကောင်းမွန်ထက်၊ ခင်ပန်နှင်း၊ မောင်မြင့်မား(ဘိုကလေး)၊ ချစ်နိုင်(စိတ်ပညာ)၊ မောင်သန်းဝင်း(ရန်ကုန်တက္ကသိုလ်)၊ ဝင်းမြင့်ဦး၊ သက်လှိုင်ဦး (စက်မှုတက္ကသိုလ်)၊ ပါစီမျိုးမြင့်၊ မျိုးမြင့် (လှည်းကူး)၊ မောင်ရစ် (ရွှေညာမြေ)၊ ဇကန် (အနုပညာ)တို့၏ ရသစုံ၊ ကဏ္ဍစုံ၊ လက်ရာစုံများအပြင် အယ်ဒီတာ၏ ရန်ကုန်ခရီးသွားဂျာနယ်သတင်းများ၊ ကျော်ဌေး (ဘီအေစီ)၏ ရန်ကုန်ခရီးသွားဂျာနယ် နိုင်ငံတကာသတင်းနှင့် ကျန်းမာရေးကဏ္ဍ၊ ခင်မောင်တိုး(မိုးမိတ်)၏ ခရီးသွားဟာသကဏ္ဍနှင့် ပါရမီရှင်၏ တစ်လအတွင်း သင်သိစရာကဏ္ဍများ ပါဝင်သည်။

ရန်ကုန်ခရီးသွားဂျာနယ်ကို ရန်ကုန်မြို့ စာအုပ်ဆိုင်ကြီးများ၊ မထသဌာနခွဲများနှင့် ဂိတ်များ၌ ရနိုင်ပြီး စာမူနှင့်ကြော်ငြာကိစ္စများအတွက် ဆက်သွယ်လိုပါက အမှတ်(၄၇၄) သိမ်ဖြူလမ်း ကန်တော်ကလေးစာတိုက်ရှေ့ ဖို့မြေရပ်ကွက် မင်္ဂလာတောင်ညွန့်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၃၈၁၈၅၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (သတင်းစဉ်)

ကြည့်ရှုလေ့လာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဆားဘီးယားနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Nino Maljevic နှင့် သံတမန်များ၊ သတင်းထောက်များ ဟားခါးမြို့ မြို့သစ်ရပ်ကွက် အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၌ မဲဆန္ဒရှင်ပြည်သူများ မိမိတို့ဆန္ဒအလျောက် ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ချင်းပြည်နယ် ဟားခါးမြို့နှင့် ဖလမ်းမြို့တို့၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို သံတမန်များ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယမန်နေ့ နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းရှိ မဲဆန္ဒနယ်အသီးသီး၌ ကျင်းပခဲ့ရာ ချင်းပြည်နယ်၌လည်း တစ်ပြိုင်တည်း ကျင်းပသည်။

ချင်းပြည်နယ် ဟားခါးမြို့ရှိ မဲရုံများ၌ နံနက် ၆ နာရီမှ စတင်၍ မဲဆန္ဒရှင်များက စနစ်တကျသွားရောက် ဆန္ဒမဲပေးကြရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆားဘီးယားနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Nino Maljevic၊ မလေးရှားနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr. Wankhalid Bin Wan Kamalနှင့် ကိုရီးယားသမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr. Kwon Jae-hwan တို့သည် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဒေါက်တာဘမောင်၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးနေဝင်း၊ ချင်းပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကပ်တီလ်၊ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲအတွင်းရေးမှူး ဦးအုန်းချိုတို့နှင့်အတူ မဲရုံများသို့ လှည့်လည်သွားရောက်ကြည့်ရှုလေ့လာကြသည်။

ယင်းသို့ လေ့လာကြရာတွင် ဟားခါးမြို့တော်ခန်းမရှိ မဲရုံအမှတ်(၂)သို့ ရှေးဦးစွာ ဝင်ရောက်ကြည့်ရှုလေ့လာကြပြီး မြို့သစ်ရပ်ကွက် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ ဈေးသစ်ရပ်ကွက်ရှိ မဲရုံအမှတ်(၃)နှင့် အမှတ်(၄)၊ မြို့ဟောင်းရပ်ကွက်ရှိ မဲရုံအမှတ်(၁)၊ ပြည်တော်သာရပ်ကွက်ရှိ မဲရုံအမှတ်(၁)နှင့် မဲရုံအမှတ်(၂)တို့သို့ ဆက်လက်သွားရောက်ကြည့်ရှုလေ့လာကြသည်။

ညနေပိုင်းတွင် သံတမန်များသည် ဖလမ်းမြို့သို့ သွားရောက်ကြပြီး မဲရုံများ၌ မဲရေတွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင်သတင်းထောက်နှင့် ဂျာနယ်များမှ သတင်းထောက်များသည်လည်း ဟားခါးမြို့နှင့် ဖလမ်းမြို့တို့ရှိ မဲရုံများသို့ သံတမန်များနှင့်အတူ သွားရောက် ကြည့်ရှုလေ့လာခဲ့ကြသည်။ (သတင်းစဉ်)

ဟားခါးမြို့ မြို့တော်ခန်းမရှိ မဲရုံအမှတ်(၂)၌ မဲဆန္ဒရှင်များ ဆန္ဒမဲပေးကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဆားဘီးယားနိုင်ငံ သံရုံး သံရုံးယာယီတာဝန်ခံ Mr. Nino Maljevic နှင့် သံတမန်များ၊ သတင်းထောက်များ ဖလမ်းမြို့ ဗလိုင်ရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ဆန္ဒမဲရေတွက်နေမှုကို ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန်မြို့ စိမ်းလန်းစိုပြည်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၈

ရန်ကုန်မြို့ မိုင် ၃၀ ပတ်လည်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး စီမံခန့်ခွဲရေးကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို နိုဝင်ဘာ ၃ ရက်တွင် တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းသန်း တက်ရောက်၍ အမှာစကားပြောကြားသည်။

ထို့နောက် တာဝန်ရှိသူတို့က လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြရာ တိုင်မှူးက တင်ပြချက်များနှင့် စပ်လျဉ်း၍ လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးကာ နိဂုံးချုပ်အမှာစကားပြောကြားသည်။

ဆက်လက်၍ တိုင်းမှူးသည် သုဝဏ္ဏလူငယ်အားကစား လေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် MFF Max Cement 2010 ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဧည့်သည်တော်များသည် ဗိုလ်လုပွဲအသင်းတို့ ဗိုလ်လုပွဲ ယှဉ်ပြိုင်နေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ တာဝန်ရှိသူတစ်ဦးက ဒုတိယဆုရရှိသော အသင်းအား တစ်ဦးချင်းဆုနှင့် ငွေသားဆုများကိုလည်းကောင်း၊ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌက ပထမဆုရရှိသောအသင်းအား တစ်ဦးချင်း ရွှေတံဆိပ်ဆုများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက MFF Max Cement 2010 ဘောလုံးပြိုင်ပွဲတွင် ပထမဆုရရှိသော အသင်းအား ငွေသားဆုနှင့် ဆုဖလားကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ရန်ကုန်တိုင်းဒေသကြီး စည်ပင်ညွှန်ကြားရေးမှူး မအူပင်-တွံတေး-လှိုင်သာယာ လမ်းဖောက်လုပ်ရေးလုပ်ငန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၈

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်ကျော်ငြိမ်သည် ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးတင်မောင်မြင့်လိုက်ပါလျက် နိုဝင်ဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် တွံတေးမြို့နယ်အတွင်းရှိ မအူပင်-တွံတေး-လှိုင်သာယာလမ်းဖောက်လုပ်ရေးလုပ်ငန်းခွင်သို့ သွားရောက်ပြီး မြေသားလမ်း ၈ မိုင် ၃ ဖာလုံကို အကျယ်ပေ ၃၀၊ အမြင့် လေးပေ၊ မြေသားတင်အချောသပ်ခြင်း လုပ်ငန်းပြီးစီးမှုအခြေအနေနှင့် ယင်းမြေသားပေါ်သို့ တောင်မြေတစ်ပေထု အမာခံတင်ရန် ဆောင်ရွက်မှုအခြေအနေနှင့် ယင်းလမ်းပေါ်ရှိ သစ်သားတံတားတစ်စင်း၊ ကွန်ကရစ်ပိုင်တိုင် သံပေါင်ရက်မ သစ်ကြမ်းခင်းတံတားလေးစင်းတည်ဆောက်ပြီးစီးမှု အခြေအနေတို့ကို သွားရောက်စစ်ဆေးခဲ့ရာ တာဝန်ခံအင်ဂျင်နီယာများက လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး ညွှန်ကြားရေးမှူးက လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး၊ စံချိန်စံညွှန်း ကိုက်ညီအောင်ဆောင်ရွက်ရေး၊ သတ်မှတ်ချိန်ကာလထက် လျင်မြန်စောစီးစွာပြီးစီးနိုင်ရေး၊ ယင်းလမ်းနှင့်တံတားများကို ပြည်သူများ စောနိုင်သမျှ စော၍ အသုံးပြုနိုင်ရေးတို့ကို စီမံဆောင်ရွက်သွားရန် မှာကြားခဲ့သည်။

(သတင်းစဉ်)

မအူပင်မြို့နယ် မလက်တိုကျေးရွာအုပ်စု သရက်ငူကျေးရွာရှိ သတင်းစာဆရာ ဦးသိန်းတန် စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပစဉ်။

(သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mrs. Tuot Kunthea နှင့် သံတမန်များ ဘားအံမြို့နယ် ကူးဆိတ်ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိုးလုံလေလုံအားကစားရုံရှိ မဲရုံအမှတ်(၁)၌ ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် စစ်သံမှူးများ ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပမှုများ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယမန်နေ့ နံနက် ၆ နာရီမှစတင်၍ ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်ရှိ မဲဆန္ဒနယ်အသီးသီး၌ တစ်ပြိုင်တည်း ကျင်းပသည်။

မြန်မာနိုင်ငံဆိုင်ရာ ကမ္ဘောဒီးယားနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mrs. Tuot Kunthea၊ ပါကစ္စတန် အစ္စလာမ်မစ် သမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Col. Muzammil Hussain Shah နှင့် အင်ဒိုနီးရှားသမ္မတနိုင်ငံ သံရုံးမှ စစ်သံမှူး Col. Aang Suhar Lan တို့သည် ဘားအံမြို့နယ် မဲရုံများ၌ ကျင်းပသည့် ဆန္ဒမဲပေးမှုများကိုလည်းကောင်း၊ ဆန္ဒမဲရေတွက်မှုများကိုလည်းကောင်း လှည့်လည်ကြည့်ရှု လေ့လာကြသည်။

သံတမန်များအား ကရင်ပြည်နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးသိန်းဇော်ဦးနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဘားအံခရိုင်နှင့် ဘားအံမြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲ ဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဘားအံမြို့ ကူးဆိတ်ရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း မိုးလုံလေလုံ အားကစားရုံရှိ မဲရုံအမှတ်(၁)၊ ဇီးတောရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ပုလဲရတနာဆောင်ရှိ မဲရုံအမှတ်(၁)၊ ဇီးတောရပ်ကွက် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းခန်းမရှိ မဲရုံအမှတ်(၃)၊ မြိုင်သဇင်ရပ်ကွက် ပြည်နယ် မိုးလုံလေလုံ အားကစားရုံရှိ မဲရုံအမှတ်(၁)၊ ရတနာဒီပရပ်ကွက် အမှတ်(၃)အခြေခံ ပညာအထက်တန်းကျောင်း အဆောင်သစ်ရှိ မဲရုံအမှတ်(၂)တို့သို့ လိုက်လံရှင်းလင်းပြသကြသည်။

မဲဆန္ဒရှင်များ၏ မဲပေးမှုများ၊ မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ၏ ဆန္ဒမဲရေတွက်မှုများ၊ သံတမန်များ၏ ကြည့်ရှုလေ့လာမှုများကို မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်နှင့် ဂျာနယ်များမှ သတင်းထောက်များက သတင်းမှတ်တမ်းရယူကြပြီး ဆန္ဒမဲပေးပွဲတွင် မဲရုံပေါင်း ၅၁၀ ရှိကြောင်း သိရသည်။ (သတင်းစဉ်)

သန်လျင်မြို့နယ် လူမှုရေးအသင်းသို့ ဦးတင်ထွန်း[(M.T.M) Shipping Co.,Ltd.] - ဒေါ်သန်းသန်းမြ မိသားစုနှင့် M.T CHEMBULK TORTOLA မှ သင်္ဘောသားများက အမေရိကန်ဒေါ်လာ ၂၄၅ ဒေါ်လာ အား အသင်းဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံရုံးမှ သံမှူး Ms. Yukiko Shiba နှင့် သံတမန်များ မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ မဲရုံအမှတ်(၁)၌ ကြည့်ရှုလေ့လာကြစဉ်။
(သတင်း-စာမျက်နှာ-၆) (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၉-၁၁-၂၀၁၀ (အင်္ဂါနေ့)

AM & PM

- ၅း၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+မေတ္တာသုတ်
- ၅း၂၀ MRTV-4 သတင်း
- ၅း၅၀ "ဒုက္ခမသိနိဗ္ဗာန်မရှိ"တရားတော် [ဦးတေဇိန္ဒ (သွေးဆေးကန် ဆရာတော်)]
- ၆း၅၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၉)**
- ၇း၃၀ MRTV-4 သတင်း
- ၈း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၆)**
- ၈း၅၀ Activities in The City [Myanmar People Magazine (၈)နှစ်ပြည့်အခမ်းအနားနှင့် စာပေစကားဝိုင်း]
- ၉း၀၅ ခြိမ့်ခြိမ့်သဲသဲမိုးသို့လျှံ မလှိုင်မြို့မှ အလှူတော်မင်္ဂလာစည်ပြောသံ
- ၉း၁၅ ဖန်တီးသူ၏ ပညာစွမ်းမှသည် . . လှပသောဘဝများဆီသို့
- ၉း၄၀ Cartoon Show Time (Monster House)
- ၁၀း၂၀ Activities in The City - My Boy Lucky Draw 2010 - Operation Smile's Myanmar Singapore Friendship Medical Mission ဖွင့်ပွဲ
- ၁၀း၄၅ Celebrity Style (မေစံပယ်ညို)
- ၁၀း၁၀ International Show Biz
- ၁၁း၂၅ ရန်ကုန်မြင်ကွင်းကျယ် (Hola Dance Club ဖွင့်ပွဲ)
- ၁၁း၄၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၂၂)
- ၁၂း၀၅ သင်ကြားရေးလမ်းညွှန် [ဇမ္ဗူဥသျှောင်သီလရှင်သင် (အခမဲ့) ပညာရေးကျောင်း]
- ၁၂း၂၀ ဘယ်သူ့ကိုအချစ်ဆုံးလဲ (တေဇ၊ ခိုင်ပွင့်၊ မင်းသူ၊ ထွန်းထွန်းအောင်၊ ချမ်းသာ) [ဒါရိုက်တာ-သုတ(မော်ကွန်း)]
- ၁၂း၄၀ ရန်ကုန်မြင်ကွင်းကျယ် (သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းမှုဆိုင်ရာ နိုင်ငံတကာစံညွှန်းများသင်တန်း)
- ၁း၀၀ "ဒုက္ခမသိနိဗ္ဗာန်မရှိ"တရားတော် [ဦးတေဇိန္ဒ (သွေးဆေးကန် ဆရာတော်)]
- ၂း၀၀ MRTV-4 သတင်း
- ၂း၂၀ Wedding Season (Part-3)
- ၂း၄၅ မူဟန်ကိုယ်စီတေးကိုသီ
- ၂း၅၅ Activities In The City (SANYO မှထုတ်လုပ်သော eneloop battery ပစ္စည်းသစ် မိတ်ဆက်ပွဲ)
- ၃း၁၀ ရန်ကုန်မြင်ကွင်းကျယ် (Retail Management Workshop)
- ၃း၂၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၆၉)**
- ၄း၀၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၆)**
- ၅း၀၀ The Champion of Dance
- ၅း၃၀ MRTV-4 ကာတွန်းအစီအစဉ် "ဒဏ္ဍာရီထဲကဓား"(အပိုင်း-၂၂)
- ၆း၀၀ MRTV-4 သတင်း
- ၆း၂၀ နာမည်ဆိုးနှင့် ကျော်ကြားသော (ပဉ္စမပိုင်း)
- ၆း၄၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "လောကဝက်ပါ" (အပိုင်း-၇၀)**
- ၇း၂၅ ရန်ကုန်မြင်ကွင်းကျယ် [မိုးယံ(၁၀)နှစ်ပြည့်အောင်ပွဲ အခမ်းအနားနှင့် (၁၁)ကြိမ်မြောက် ကျပ်သိန်း ၁၀၀၀ ကံထူးရှင် ဂုဏ်ပြုပွဲ]
- ၇း၄၀ ကော့ကရိတ်မြို့နယ်မှ ညီညာဖြိုဖြိုကမ်းနီးအလှ
- ၈း၃၀ သူတို့ဘဝ သူတို့ဟာသ (ဦးဆိုနီ)
- ၈း၅၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၉း၃၀ **MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အရိပ်စစ်" (အပိုင်း-၃၇)**
- ၁၀း၂၀ အနုပညာမိုးကောင်းကင်
- ၁၀း၃၅ စာအုပ်ပြခန်း (စာရေးဆရာဦးလှထွန်းနှင့် တွေ့ဆုံခြင်း)
- ၁၁း၀၅ Acitivities In The City WAI YAN Electronic & IT Shop)
- ၁၁း၂၀ ဦးဆုံးအစဘဝရဲ့အလှ (Jenny)
- ၁၁း၃၅ Rainforest Homeland (အပိုင်း-၂)
- ၁၂း၀၀ စွဲမက်ဖွယ်ရာရတနာ ကြည်လင်အေးမြ မြကျောက်အလှ (အပိုင်း-၁)
- ၁၂း၃၀ သတင်းကောင်း (သျှားညို၊ ဆုပန်ထွာ၊ ပွင့်) (ဒါရိုက်တာ-ညိုမင်းလွင်)
- ၁၂း၅၀ လှုပ်ရှားစုံစုံမြန်မာ့သုခုမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း-၁)
- ၁း၂၀ ရိုးရာအလုပ်မှာ နှီးတောင်းနှီးဖျာ
- ၁း၃၅ Shooting Location (Olympic Tower မှရိုးခန်း)
- ၁း၅၅ စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
- ၂း၀၅ World of Knowledge (Ultimate Disaster፡ Earthquake)
- ၂း၅၅ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၃း၅၅ Say It In English
- ၄း၀၀ အံ့ဖွယ်လေ့လာအသံတုပညာ (အသံတုရဲမြင့်လေး)
- ၄း၃၀ လေ့လာမြတ်နိုးထိန်းသိမ်းဖို့ရာ ပန်းဆယ်မျိုးပညာ
- ၅း၀၀ အစီအစဉ်ပြီး။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

Barclays Premier League ဘောလုံးပွဲစဉ်များ

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Tottenham - Sunderland	ESPN (Live)
၂း၂၅	Stoke City - Birmingham	STAR SPORTS (Live)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ သံတမန်များ ကယားပြည်နယ် လွိုင်ကော်မြို့၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ကြည့်ရှုလေ့လာ

နေပြည်တော်   နိုဝင်ဘာ   ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယမန်နေ့ နံနက် ၆ နာရီမှ စတင်၍ ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီး၌ ကျင်းပရာ ကယားပြည်နယ်အတွင်းရှိ မြို့နယ်များ၌လည်း တစ်ပြိုင်တည်း ကျင်းပသည်။

ကယားပြည်နယ် လွိုင်ကော်မြို့၌ မဲဆန္ဒရှင်ပြည်သူများက စနစ်တကျ မဲပေးနေမှုနှင့် မဲရေတွက်မှုတို့ကို ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri၊ လာအို ပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံရုံးမှ ပထမအတွင်းဝန် Mr. Vangparo Sipaseuth နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ ဒုတိယအတွင်းဝန် Mr.Xu Tao တို့သည် ကယားပြည်နယ် ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးခင်မောင်ရီ၊ ပြည်နယ်ကော်မရှင် အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသော ဦးစိုင်းမြသောင်း၊ ဦးကြည်၊ ဦးစိုင်းသိန်းလွင်၊ ဒေါက်တာသန်းဝင်းတို့နှင့်အတူ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

သံတမန်များသည် နံနက်ပိုင်းမှ စတင်၍ လွိုင်ကော်မြို့နယ် နောင်ယား(က)ရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ နောင်ယား(ခ)ရပ်ကွက် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ မင်းစုရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ ဒေါနိုးကူး ရပ်ကွက် အမှတ်(၅) အခြေခံပညာအလယ်တန်းကျောင်းရှိ မဲရုံအမှတ်(၁)နှင့် ဘိုးဘွားရိပ်သာရှိ မဲရုံအမှတ်(၁)တို့သို့ လှည့်လည်သွားရောက်ကြပြီး မဲဆန္ဒရှင် တိုင်းရင်းသားပြည်သူများ လွတ်လွတ်လပ်လပ် ဆန္ဒမဲ ပေးနေမှုများ၊ တာဝန်ရှိသူများ၏ မဲရေတွက်နေမှုများကို ကြည့်ရှုလေ့လာကြသည်။

သံတမန်များနှင့်အတူ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်နှင့် ဂျာနယ်၊ မဂ္ဂဇင်းများမှ သတင်းထောက်များသည်လည်း မဲပေးမှုများ၊ မဲရေတွက်မှုများကို ကြည့်ရှုလေ့လာ၍ သတင်းရယူကြသည်။

ညနေပိုင်းတွင် အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီးနှင့် အဖွဲ့ဝင်များသည် လွိုင်ကော်မြို့ရှိ တောင်ကွဲစေတီ၊ ယဉ်ကျေးမှုပြတိုက်၊ ကယားရိုးရာ ရက်ကန်းစင်နှင့် မြို့နာမ်စေတီတို့ကို သွားရောက်ကြည့်ရှုလေ့လာ ကြည်ညိုကြသည်။

(သတင်းစဉ်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Dr. Villur Sundararajan Seshadri နှင့် သံတမန်များ လွိုင်ကော်မြို့နယ် နောင်ယား(က) ရပ်ကွက် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၌ ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

ကမ္ဘာ့ဆီးချိုသွေးချိုရောဂါ ကာကွယ်ထိန်းသိမ်းရေးနေ့
World Diabetes Day

နိုဝင်ဘာလ ၁၄ ရက်

"ဆီးချိုသွေးချို ထိန်းသိမ်းဖို့၊ ယခုကပင် စကြစို့"

"Let's take control of diabetes. Now."

ကျန်းမာရေးဝန်ကြီးဌာန

တိုင်းမှူး ဗိုလ်မှူးချုပ်ထွန်းနေလင်း မိုးစပါးစံကွက်ရိတ်သိမ်းပွဲအခမ်းအနား တက်ရောက်

နေပြည်တော်   နိုဝင်ဘာ   ၈

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် ထွန်းနေလင်းသည် နိုဝင်ဘာ ၁ ရက်တွင် မုဒုံမြို့နယ် ကော့ပရံကျေးရွာရှိ တောင်သူတစ်ဦး၏ လယ်မြေ၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲ အခမ်းအနားသို့ တက်ရောက်ရာ တာဝန်ရှိသူများက မုဒုံမြို့နယ်အတွင်း မိုးစပါးစံကွက်ရိတ်သိမ်းမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းမှူးသည် စပါးနမူနာများနှင့် ပဲတီစိမ်းမျိုးနမူနာများ ခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးကာ တောင်သူများအား ပဲတီစိမ်းမျိုးအိတ်များကို ပေးအပ်ပြီး မိုးစပါးစံကွက်စုပေါင်းရိတ်သိမ်းနေမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ ဒေသခံတောင်သူများနှင့် တွေ့ဆုံသည်။

ဆက်လက်၍ တိုင်းစစ်ဌာနချုပ် စိုက်ပျိုးမွေးမြူရေးစခန်း၌ တာဝန်ရှိသူများက မိုးစပါး စိုက်ပျိုးထားရှိမှုနှင့် ငါးမွေးမြူထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးသည် မုဒုံမြို့နယ် အခြေခံပညာမူလတန်းကျောင်းများနှင့် အခြေခံပညာအထက်တန်းကျောင်းများသို့ သွားရောက်၍ ကျောင်းဆောင်သစ်များ ပြုပြင်ဆောင်ရွက်ပြီးစီးမှုနှင့် ကျောင်းပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့ ဝမ်ဟွန်းရွာအဝင် ကွန်ကရစ်တံတား ပြုပြင်ဆောင်ရွက်ထားရှိမှုကို ရှမ်းပြည်နယ်(အရှေ့ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးစိုင်းထွန်းထွန်း ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ယာဉ်စည်းကမ်းလမ်းစည်းကမ်း တောင်ငူ၌ ဟောပြော

တောင်ငူ   နိုဝင်ဘာ   ၈

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာန ခရိုင်ရုံး (တောင်ငူ)မှ ဦးဆောင်၍ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေး ဟောပြောပွဲကို အောက်တိုဘာ ၁၈ ရက်က တောင်ငူမြို့ အထက(၁) ခန်းမ၌ ကျင်းပရာ တောင်ငူခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးလှမင်းထွဋ်နှင့် အထက(၁) ကျောင်းအုပ်ဆရာမကြီး နော်ဖလားဂေးတို့က အဖွင့်အမှာစကား ပြောကြားကြသည်။

ဟောပြော

ဆက်လက်၍ ခရိုင်ပို့ဆောင်ရေး စီမံကိန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ဇော်မိုး၊ ယာဉ်ထိန်းတပ်ဖွဲ့မှ တာဝန်ခံ ရဲအုပ်မြင့်အောင်၊ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးသောင်းမြင့်**(အောက်ပုံ)**၊ ဒုတိယဦးစီးမှူး ဒေါ်တင်တင်အေးနှင့် အကြီးတန်းစာရေးဦးစောမင်းဆွေတို့က ဟောပြောပို့ချကြရာ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူ ၅၀၀ ခန့် တက်ရောက်ခဲ့ကြသည်။

(၁၂၉)

ရေကြည် အထက မြတ်ဆရာပူဇော်မည်

ရန်ကုန်   နိုဝင်ဘာ   ၈

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့ အခြေခံပညာအထက်တန်းကျောင်းတွင် ၁၉၅၃ ခုနှစ်မှ ၂၀၁၀ ခုနှစ်အတွင်း ပညာသင်ကြားပေးခဲ့ကြသည့် အသက်(၆၀)နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများအား တပည့်ဟောင်းများက (၂၄)ကြိမ်မြောက် အာစရိယပူဇော်ပွဲကို ဒီဇင်ဘာ ၁ ရက်(အမျိုးသားနေ့)တွင် ကျင်းပမည်ဖြစ်ရာ ရပ်ဝေး၊ ရပ်နီးမှ လှူဒါန်းလိုသူများသည် ဦးသက်နိုင် (ရွှေဝါဖူး)၊ (ဒဂုံဇေရာအဝေးပြေး) ဖုန်း-၀၉-၈၆၁၀၃၈၂၊ ဦးခင်ဇော်(နေပြည်တော်) ဖုန်း-၀၆၇-၃၆၁၀၄၊ ဒေါ်သဇင်ဆွေ (ရန်ကုန်) ဖုန်း-၀၁-၃၉၄၂၃၄၊ ဦးငွေးနိုင်ဝင်း (ရန်ကုန်) ဖုန်း-၀၉-၅၀၆၂၆၆၆၊ ၀၁-၅၀၀၁၂၃၊ ဒေါ်ခင်ချိုဦး(ဟင်္သာတ)ဖုန်း-၀၉-၈၅၈၀၈၉၂၊ ဦးဇော်ဝင်း(ရေကြည်) ဖုန်း-၀၄၆-၅၂၁၄၃၊ ၅၂၁၄၄၊ ဦးမောင်ကျော် ဖုန်း-၀၄၆-၅၂၃၁၀၊ ဦးကျော်စွာ ဖုန်း-၀၄၆-၅၂၃၄၃ နှင့် ဦးမျိုးညွှန့် ဖုန်း-၀၄၆-၅၂၀၄၂၊ ၅၂၀၄၃ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(ကြေးမုံ)

ဇီဝ မျိုးစုံ မျိုးကွဲတွေ ကြွယ်စေဖို့
သဘာဝတောတွေ ထိန်းသိမ်းစို့

City Baby Club ဆိုင်သစ်ဖွင့်လှစ်

ရန်ကုန်   နိုဝင်ဘာ   ၈

City Mart Holding Co.,Ltd. ၏ လုပ်ငန်းခွဲဖြစ်သည့် City Baby Club ဆိုင်သစ်ဖွင့်ပွဲကို အောက်တိုဘာ ၂၃ ရက်တွင် China Town Point Center တည်ရှိရာ ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဘုန်းကြီးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၌ ကျင်းပရာ အနုပညာရှင် မိသားစုများက ဆိုင်သစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး City Baby Club, Business Manager ဒေါ်ဖြူဖြူမိုးက City Baby Club နှင့် စပ်လျဉ်း၍ ရှင်းလင်းမိတ်ဆက်ပေးသည်။**(အပေါ်ပုံ)**

ပထမဆုံး

City Mart Holding Co.,Ltd. က ကလေး၊ လူကြီးများအတွက် စာပေ၊ ဗဟုသုတ၊ ဘာသာစကား တိုးတက်ကြွယ်ဝခြင်းကို ပံ့ပိုးပေးနိုင်ရန် Singapore နိုင်ငံမှ Franchise ဖြစ်သော Popular Book Store ကို ဖွင့်လှစ်အပြီးတွင် ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအတွက် အရည်အသွေးမြင့် ပစ္စည်းများ လိုအပ်မှုရှိခြင်းကြောင့် City Baby Club ကို ဖွင့်လှစ်ရခြင်းဖြစ်သည်။ City Baby Club သည် မြန်မာနိုင်ငံတွင် ပထမဆုံးဖွင့်လှစ်ခြင်းဖြစ်ပြီး ကိုယ်ဝန်ဆောင်မိခင်များအတွက် မဖြစ်မနေ လိုအပ်သော အသုံးအဆောင်များ၊ မွေးကင်းစမှ ကျောင်းနေအရွယ်ကလေးများအတွက် တစ်ကိုယ်ရေသန့်ရှင်းသုံးပစ္စည်းများ၊ ဉာဏ်ရည်ဖွံ့ဖြိုးမှုကို ပံ့ပိုးပေးနိုင်သော ကစားစရာများ၊ အာဟာရဖြည့်စွက်စာများနှင့် ဆန်းသစ်လှပသော အဝတ်အထည်ဒီဇိုင်းမျိုးစုံကို တစ်နေရာတည်းတွင် အရည်အသွေးအကောင်းဆုံးပစ္စည်းများစုစည်း၍ ဈေးနှုန်းချိုသာစွာဖြင့် ရွေးချယ်ဝယ်ယူနိုင်ရန် စီစဉ်ပေးထားသည်။

အမျိုးအစားစုံလင်

ကမ္ဘာ့တစ်ဝန်းလုံးတွင် မိခင်နှင့် ကလေးများအတွက် အရည်အသွေး စိတ်ချရသည့် နာမည်ကြီးတံဆိပ်များ ဖြစ်သော Fisher Price/ V tech/ Lucky Baby/ Hasbro/ Happy Land/ Je suis content/ Mooich/ Ovo/ Marbel kids/ Kids planet/ Coogie/ Thott/Les enphants/ Disney/Barbie/Nanette/ Carter's/ Little koala/Mall kid/ Tolly Joy/ Johnson & Johnson/ Pureen/Anakku/ Baby Mild/Pigeon/Huggies/ Pampers, Soft love/ Mamy Poko စသည်ဖြင့် အမျိုးအစားစုံလင်စွာ ဝယ်ယူရရှိနိုင်သည်။

လက်ဆောင်ပေး

ဆိုင်ဖွင့်ပွဲ အထိမ်းအမှတ်အဖြစ် အောက်တိုဘာ ၂၃ ရက်မှ နိုဝင်ဘာ ၇ ရက်အထိ Promotion အစီအစဉ်များဖြစ်သည့် Discount များဖြင့် ရောင်းချခြင်းအစီအစဉ်များ၊ လက်ဆောင်ပေးခြင်း အစီအစဉ်များအပြင် ငွေကျပ်ငါးသောင်းဖိုးနှင့် အထက် ဝယ်ယူသူများအတွက် City Baby Club Logo ပါ ကလေးဝတ် စပို့ရှပ် တစ်ထည်ကိုလည်း လက်ဆောင်ပေးခဲ့ကြောင်း သိရှိရသည်။

(သတင်းစဉ်)

ကြည့်ရှုလေ့လာ

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi နှင့် သံတမန်များ မုံရွာမြို့ ရုံကြီးရပ်ကွက် မိုးလုံလေလုံအားကစားရုံရှိ မဲရုံအမှတ်(၂) ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုလေ့လာကြစဉ်။

(သတင်းစဉ်)

❒ **ကျောဖုံးမှ**

အောင်မင်္ဂလာရပ်ကွက် အမှတ်(၄) အခြေခံပညာအလယ်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ နတ်လူထိပ်ပန်ရပ်ကွက် ညောင်ပင်စောက် အခြေခံပညာအလယ်တန်းကျောင်းခွဲရှိ မဲရုံအမှတ်(၁)နှင့် မုံရွာတောင်ရပ်ကွက် အမှတ် (၂၉) အခြေခံပညာမူလတန်းလွန်ကျောင်းရှိ မဲရုံအမှတ်(၂)တို့သို့သွားရောက်၍ ကြည့်ရှုလေ့လာကြပြီး ဆန္ဒမဲရေတွက်နေမှုများကိုလည်း ကြည့်ရှုလေ့လာကြသည်။

မဲဆန္ဒရှင်ပြည်သူများသည် နှစ်ပေါင်း(၂၀)အတွင်း ပထမဦးဆုံးအကြိမ် ဆန္ဒမဲပေးရွေးချယ်ပိုင်ခွင့် ရရှိလာသောအခွင့်အရေးနှင့် ဆန္ဒမဲပေးခွင့်တို့ကို လက်လွတ်မခံဘဲ အပြည့်အဝအသုံးချကာ မိမိကြိုက်နှစ်သက်ရာပါတီနှင့် ပုဂ္ဂိုလ်များအား ဆန္ဒမဲပေးရွေးချယ်နိုင်ရန် မဲရုံများသို့ စိတ်အားထက်သန်စွာလာရောက်၍ ဆန္ဒမဲပေးကြသည်ကို တွေ့ရှိရသည်။

သံတမန်များနှင့် သတင်းထောက်များအား စစ်ကိုင်းတိုင်းဒေသကြီး ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူး ဦးတင်မောင်ကြည်နှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ မုံရွာခရိုင်နှင့် မုံရွာမြို့နယ်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အဖွဲ့ခွဲအဖွဲ့ဝင်များ၊ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း၌ မဲဆန္ဒနယ် ၁၂၅ ခု၊ မဲရုံပေါင်း ၃၃၀၇ ရုံ ရှိပြီး ဆန္ဒမဲပေးနိုင်သည့် မဲဆန္ဒရှင်ပြည်သူ ၃၁၁၄၂၂၂ ဦးရှိကြောင်း သိရှိရသည်။

(သတင်းစဉ်)

Horizon Streetball ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၈

အားကစားနှင့် ကာယပညာသိပ္ပံကျောင်း (ရန်ကုန်)နှင့် Horizon Sports Academy တို့ ပူးပေါင်း၍ (၆) ကြိမ်မြောက် Horizon Streetball ပြိုင်ပွဲကို ဒီဇင်ဘာ ၄ ရက်မှ ၅ ရက်အထိ အမှတ်(၂၃၅) ရှုခင်းသာမြို့ပတ်လမ်း သာကေတမြို့နယ်ရှိ Horizon International School ၌ ကျင်းပသွားမည်ဖြစ်သည်။

ပြိုင်ပွဲတွင် အမျိုးသား၊ အမျိုးသမီး ယူ-၁၈ ပြိုင်ပွဲ၊ ယူ-၁၆ ပြိုင်ပွဲ၊ ယူ-၁၄ပြိုင်ပွဲနှင့် ယူ-၁၂ ပြိုင်ပွဲများ ထည့်သွင်းကျင်းပမည်ဖြစ်ပြီး ဆုကြေးများအဖြစ် ယူ-၁၈ ပြိုင်ပွဲ၌ ပထမ ကျပ် တစ်သိန်း၊ ဒုတိယ ကျပ်ရှစ်သောင်း၊ တတိယ ကျပ်ခြောက်သောင်း၊ ယူ-၁၆ ပြိုင်ပွဲ၌ ပထမ ကျပ်ကိုးသောင်း၊ ဒုတိယ ကျပ်ခုနစ်သောင်းခွဲ၊ တတိယကျပ်ခြောက်သောင်း၊ ယူ-၁၄ ပြိုင်ပွဲ၌ ပထမ ကျပ်ရှစ်သောင်း၊ ဒုတိယ ကျပ်ခြောက်သောင်းခွဲ၊ တတိယ ကျပ်ငါးသောင်း၊ ယူ-၁၂ ပြိုင်ပွဲ၌ ပထမ ကျပ်ခြောက်သောင်း၊ ဒုတိယ ကျပ်ငါးသောင်း နှင့် တတိယ ကျပ်လေးသောင်း ချီးမြှင့်မည် ဖြစ်သည်။

ယှဉ်ပြိုင်လိုသည့် အသင်းများအနေဖြင့် နိုဝင်ဘာ ၂၉ ရက် နောက်ဆုံးထား၍ ဗဟန်းမြို့နယ် အမှတ်(၂၅) ဖိုးစိန်လမ်းရှိ Horizon International School (Po Sein) သို့ ဆက်သွယ်မေးမြန်းနိုင်သည်။ Sponsors များအဖြစ် Uni Company, (AA medical product, Melior International College)၊ Co-Sponsors များအဖြစ် Grand Furniture, ပထမ Group Company နှင့် ပြည့်စုံဝင်းနိုင် Company တို့က ပံ့ပိုးကူညီထားကြောင်း သိရသည်။ (ကြေးမုံ)

မြန်မာနယူးစ်ဝိခ်ဂျာနယ် ဖြန့်ချိ

ရန်ကုန် နိုဝင်ဘာ ၈

'နိုဝင်ဘာ ၇ရက်နေ့ ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးသူတို့၏ စကားသံများ' သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်စဉ်(၅၃)ကို ယနေ့ ဖြန့်ချိလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း နိုင်ငံခြားသံတမန်များနှင့် သတင်းမီဒီယာဌာနများမှ တာဝန်ရှိသူများ၊ ဂျာနယ်အသီးသီးမှ သတင်းထောက်များပါဝင်သော အဖွဲ့က နိုဝင်ဘာ ၇ ရက်တွင် ကျင်းပခဲ့သော ဆန္ဒမဲပေးသည့် မဲရုံများအား သွားရောက်လေ့လာခဲ့၊ ဒေါက်တာနေဇင်လတ်၏ လိုက်ပါနိုင်ကြလျှင်၊ စင်ကာပူမှာ အလုပ်သွားလုပ်မည်ဆိုသည့် မြန်မာအမျိုးသမီးများအတွက် ဆောင်ရန်ရှောင်ရန်၊ သင့်ကလေးကို စင်ကာပူမှာ ကျောင်းထားမှာလား ဒါလေးဖတ်ကြည့်ပါ၊ စင်ကာပူ၌ ပုဂ္ဂလိကကျောင်းများပိတ်လည်း ကျောင်းသားများ ကျောင်းဆက်တက်နိုင်မည်၊ အလုံသစ်တောဝင်းအတွင်းရှိ မြန်မာ့သစ်လုပ်ငန်းပိုင် အဆောက်အအုံများ လေလံတင်ရောင်းချမည်၊ အရောင်းသုံးရက်ပိတ်သည့် FEC 50 တန် တစ်ခါသုံးဖုန်းကတ်နှင့် ငါးသိန်းတန် ဖုန်းကတ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း ကွန်တိန်နာကားများ သွားလာရန်အတွက် လမ်းများထပ်မံဖောက်လုပ်နေ၊ အီလက်ထရွန်နစ်ပစ္စည်းများ အသွင်းနည်း၍ ဆိုင်အချို့တွင် ပစ္စည်းများ ပြတ်သလောက်ဖြစ်နေ၊ ဒေါပုံ၊ ပုဇွန်တောင်နှင့် ဗိုလ်တထောင်မြို့နယ်တို့တွင် ကြိုးဖုန်းများ ထပ်မံတပ်ဆင်ပေးမည်၊ လာမည့်တန်ဆောင်မုန်းလပြည့်နေ့ညတွင် ဂြိုဟ်နှစ်လုံးရပ်တည်မည့် ရာသီခွင်လာရောက် တိုက်ဆိုင်၊ ကားများယခင်က ဓာတ်ဆီ ခြောက်ဂါလန်ထည့်ပေးရာမှ ယခုလေးဂါလန်သာ ထည့်ပေးနေ၊ ဗီယက်နမ်-မြန်မာ တိုက်ရိုက်လေကြောင်းလိုင်းတစ်လိုင်း ထပ်မံဖွင့်လှစ်လိုက်ပြန်ပြီ၊ ဂျပန်နိုင်ငံက အမေရိကန်ဒေါ်လာ သန်း ၄၀၀ အကုန်အကျခံ၍ ဧရာဝတီတိုင်းဒေသကြီးတွင် ရေငန်တားတမံ စီမံကိန်းများလုပ်ဆောင်မည်၊ ကြိုးတန်းပေါ်လမ်းလျှောက်သည့် ဆင်၊ တရုတ်နှင့် ထိပ်တိုက်တွေ့ပြီး အီရန်နှင့် စစ်ဖြစ်မည့်အရေး ကြိုသိနေသည့် အမေရိကန် လွှတ်တော်အမတ်တစ်ဦး၊ ဖခင်သေဆုံးသည့်အတွက် လျှို့ဝှက်အက်ဖ်ဘီအိုင်အေးဂျင့်ကိုငှား၍ ဆရာဝန်ကိုသတ်ရန် ကြံသူ ကိုယ်ဟန်ပြမယ်ဟောင်း၊ ဗြိတိန်အခြေစိုက် အကြမ်းဖက်အဖွဲ့က အီရန်နိုင်ငံတွင် လုပ်ကြံသတ်ဖြတ်မှုများ ပြုလုပ်စေရန် ကြေးစားလူသတ်သမားများကို ငွေပေးစေခိုင်း၊ အီရန်ကို တိုက်ခိုက်ပါက အမေရိကန်နိုင်ငံ ပျက်စီးသွားလိမ့်မည်၊ ဘင်လာဒင်၏လက်ထောက် အယ်လ်ဇာဝါဟီရီ ထွက်ပြေးလွတ်မြောက်စေရန် အီရန်ကူညီခဲ့ စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် နိုဝင်ဘာ ၃ ရက်မှ ၁၀ ရက်အထိ ဂျပန်နိုင်ငံ တိုကျိုမြို့၌ ကျင်းပခဲ့သည့် အာရှလူငယ်အားကစားခေါင်းဆောင်များ၏ အားကစားလေ့လာရေး အစီအစဉ်သို့ တက်ရောက်ခဲ့သည့် ဦးစောနေမင်းထွန်း (ဦးစီးအရာရှိ၊ တောင်ကြီးမြို့နယ်)နှင့် ဦးအောင်သူ (ဦးစီးအရာရှိ၊ ကျွန်းလှမြို့နယ်)တို့အား တွေ့ရစဉ်။

(ကြေးမုံ)

မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု ဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြော

ရန်ကုန် နိုဝင်ဘာ ၈

ကျောင်းသား လူငယ်ထုအတွင်း မူးယစ်ဆေးဝါးနှင့် အိမ်သုံးဆေးဝါးများ အလွဲသုံးမှု ဆိုးကျိုးအန္တရာယ် အသိပညာပေးဟောပြောပွဲကို ရန်ကုန်တောင်ပိုင်းခရိုင် တွံတေးမြို့ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ အောက်တိုဘာ ၂၈ ရက်က ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးကြင်ရွှေ၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်နွဲ့မူ၊ မြို့နယ်ရဲစခန်းမှူး ရဲအုပ်မြင့်ကျော်နှင့် ရန်ကုန်မူးယစ်(အရှေ့)အထူးအဖွဲ့မှ ရဲအုပ်မြင့်သိန်းတို့က ဆွေးနွေးဟောပြောကြောင်း သိရှိရသည်။ **(ဝဲပုံ)** (ပညာရေး)

မူးယစ်ဆန့်ကျင် အောင်ပွဲဆင်

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၉-၁၁-၂၀၁၀ (အင်္ဂါနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ မြဝတီအဖွင့်
- ၇း၀၅ ၂။ တရားတော်
- ၇း၁၀ ၃။ ဓမ္မပူဇာတေး
- ၇း၂၀ ၄။ မျိုးချစ်တပ်မတော်
- ၇း၂၅ ၅။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
- ၇း၃၀ ၆။ မြန်မာသံစဉ်ချိုနားဝင်
- ၇း၄၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇း၅၅ ၈။ အမျိုးသားရေးတေးကဗျာ
- ၈း၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈း၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
- ၈း၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈း၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄း၀၀ ၁။ မြဝတီအဖွင့်
- ၄း၀၅ ၂။ အဖွင့်သီချင်း
- ၄း၁၀ ၃။ အမျိုးသားရေးတေးကဗျာ
- ၄း၂၀ ၄။ အလွမ်းတေးပန်းချီ ချစ်သူဆီ
- ၄း၃၅ ၅။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၄း၅၅ ၆။ မျိုးချစ်တပ်မတော်
- ၅း၁၀ ၇။ မြန်မာသံစဉ်ချိုနားဝင်
- ၅း၂၅ ၈။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
- ၅း၃၅ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၅း၄၀ ၁၀။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မိုးသောက်ကြယ် (အပိုင်း-၃၄)**
- ၆း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ
- ၆း၂၀ ၁၃။ လျှပ်တစ်ပြက်
- ၆း၃၀ ၁၄။ အောင်မြင်ခြင်းလမ်းမ
- ၇း၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဖြူစင်သော အားမာန် (အပိုင်း-၅)**
- ၈း၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ အမျိုးသားရေးတေးကဗျာ
- ၁၈။ နိုင်ငံတကာသတင်း
- ၁၉။ မိုးလေဝသသတင်း
- ၂၀။ မွေးမြူသုတ
- ၂၁။ ဟာသရုပ်စုံ သီတင်းကျွတ်ဝေဒနာ -သရုပ်ဆောင် ရွှေသွေးအဖွဲ့နှင့် ကျင်ဝှက်အဖွဲ့ (ဒါရိုက်တာ-ဖုန်းမြင့်အောင်)
- ၂၂။ ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
- ၂၃။ **ရသစုံလင် ရုပ်မြင်ဇာတ်လမ်း - သိုင်းသမားခုနစ်ဖော် (အပိုင်း-၁၃)**
- ၂၄။ Mini Series
- ၂၅။ သင့်အတွက်မနက်ဖြန်
- ၂၆။ အပိတ်နှုတ်ဆက်စကား
- ၂၇။ ပြီးပါပြီ။

ဆီးချိုသွေးချိုရောဂါ၏ သတိပေးလက္ခဏာများ

- ❖ ဆီးချိုသွေးချိုရောဂါအန္တရာယ်သည် လူတိုင်းမှာ ဖြစ်နိုင်ပါသည်။
- ❖ ဆီးချိုသွေးချိုရောဂါ၏ သတိပေးလက္ခဏာများ ရှိ/မရှိ သတိထားကြည့်နေရန် လိုအပ်ပါသည်။
  - ● ဆီးခဏခဏသွားခြင်း၊
  - ● ရေအငတ်လွန်ခြင်း၊
  - ● ဆာလောင်မွတ်သိပ်နေခြင်း၊
  - ● ပိန်သွားခြင်း
  - ● နုံးချည့်နေခြင်း၊
  - ● ပတ်ဝန်းကျင်အား စိတ်ဝင်စားမှု မရှိခြင်း၊
  - ● စိတ်အာရုံစူးစိုက်မှု မရှိခြင်း၊
  - ● အန်ခြင်း၊
  - ● ဗိုက်နာခြင်း၊
  - ● ခြေလက်များထုံခြင်း၊ ကျဉ်ခြင်း၊
  - ● အမြင်အာရုံဝါးခြင်း၊
  - ● အနာများ မကြာခဏပေါက်ခြင်း၊
  - ● အနာကျက်ခဲခြင်း၊
- ❖ ၎င်းသတိပေးလက္ခဏာများ သိသာထင်ရှားစွာ မရှိဘဲလည်း အမျိုးအစား(၂) ဆီးချိုသွေးချို ရောဂါဖြစ်နေနိုင်ပါသည်။
- ❖ တစ်နေ့လျှင် မိနစ် (၃၀)ခန့် ပုံမှန်လေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် အမျိုးအစား(၂) ဆီးချိုသွေးချိုရောဂါ ဖြစ်ပွားမှုနှုန်း (၄၀%)လျော့နည်းစေနိုင်ပါသည်။

လျှပ်စစ်ဓာတ်အားသုံးစွဲမှု သတိပြု

လျှပ်စစ်ဓာတ်အားသုံးစွဲရာတွင် လျှပ်စစ်ဝါယာရှော့ဖြစ်ခြင်း (Wire Shock)၊ လျှပ်စစ်ဓာတ်အား မြင့်တက်ခြင်း (Over Loading)၊ ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများအသုံးပြုခြင်း (Use of Defective Tools and Appliance)၊ မီးအားထိန်းကိရိယာ (Safe Guard) ချွတ်ယွင်း၍ အလိုအလျောက် (Auto) ပြုတ်မကျခြင်းတို့ကြောင့် မီးလောင်မှုများ စတင်ဖြစ်ပွားနိုင်ပြီး မလိုလားအပ်သော ဆုံးရှုံးမှုများ ဖြစ်ပွားနိုင်သဖြင့် လျှပ်စစ်ဓာတ်အားအသုံးပြုရာတွင် ချွတ်ယွင်းပျက်စီးနေသော လျှပ်စစ်ပစ္စည်းများ၊ မီးကြိုးများ မသုံးစွဲကြရန်၊ စံချိန်စံညွှန်းနှင့်ကိုက်ညီသည့် လျှပ်စစ်ပစ္စည်းများကိုသာ သုံးစွဲကြရန်၊ လျှပ်စစ်ပစ္စည်းများကို မီးဒဏ်ခံနိုင်သော နေရာများတွင်သာတပ်ဆင်၍ အနီးအနားတွင် မီးလောင်လွယ်သောပစ္စည်းများ မထားရှိစေရေး သတိပေး နှိုးဆော်အပ်ပါသည်။

တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင် တိုင်းမှူးတံခွန်စိုက်ဒိုင်း ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား တက်ရောက်

နေပြည်တော် နိုဝင်ဘာ ၈

စစ်ကိုင်းတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်စိုးလွင်သည် နိုဝင်ဘာ ၁ ရက်တွင် တိုင်းစစ်ဌာနချုပ် အားကစားခန်းမ၌ ကျင်းပသော တိုင်းမှူး တံခွန်စိုက်ဒိုင်း (အမျိုးသား၊ အမျိုးသမီး) ဘော်လီဘောပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

ရှေးဦးစွာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည် အမျိုးသားအသင်းလိုက် ဗိုလ်လုပွဲယှဉ်ပြိုင်ကစားမှုကို ကြည့်ရှုအားပေးသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းအခမ်းအနားကို ကျင်းပရာ အသင်းလိုက်ဆုရရှိကြသော အမျိုးသမီးအသင်းများ၊ အမျိုးသားအသင်းများနှင့် အမျိုးသမီးတစ်ဦးချင်း အကောင်းဆုံးဆုရရှိကြသူများ၊ အမျိုးသားတစ်ဦးချင်း အကောင်းဆုံးဆုရရှိကြသူများအား ဆုတံဆိပ်၊ ငွေသားဆုများနှင့် ဂုဏ်ပြုလက်ဆောင်များကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် တိုင်းမှူးက တံခွန်စိုက်ဒိုင်းဆုရရှိကြသော အသင်းများအား တံခွန်စိုက်ဒိုင်းဆုကြီးများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

၂၀၁၀ ခုနှစ် ဆဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၈

မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ကကြီးမှူး၍ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ၏ အဓိကပံ့ပိုးကူညီမှုဖြင့် ၂၀၁၀ ခုနှစ် ဆဌမအကြိမ်မြောက် ရန်ကုန်မြို့တော်ဝန်ဖလား တင်းနစ်ပြိုင်ပွဲကို နိုဝင်ဘာ ၂၀ ရက်မှ ၂၆ ရက်အထိ ရန်ကုန်မြို့ရှိ သိမ်ဖြူတင်းနစ်ကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ၏ အလွတ်တန်းပြိုင်ပွဲတွင် အမျိုးသားတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ အမျိုးသမီးတစ်ဦးချင်းနှင့် နှစ်ယောက်တွဲပြိုင်ပွဲ၊ သက်တန်းအလိုက်ပြိုင်ပွဲတွင် အသက် (၁၀)နှစ်အောက်၊ အသက် (၁၄)နှစ်အောက် ပြိုင်ပွဲများနှင့် အသက် (၁၆)နှစ်အောက် အမျိုးသား၊ အမျိုးသမီး တစ်ဦးချင်းပြိုင်ပွဲများ ပါဝင်မည်ဖြစ်ပြီး အသင်းလိုက် (Inter Club) ပြိုင်ပွဲတွင် တစ်သင်းလျှင် နှစ်ယောက်တွဲသုံးတွဲ ပါဝင်ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

အသင်းလိုက် (Inter Club) ပြိုင်ပွဲကို ကျယ်ကျယ်ပြန့်ပြန့် ကျင်းပနိုင်ရေးအတွက်လည်းကောင်း၊ အသင်းအရေအတွက် ပိုမိုများပြား ပါဝင်လာစေရေးအတွက်လည်းကောင်း၊ အထူးသဖြင့် အနယ်နယ် အရပ်ရပ်မှ ကလပ်အသင်းများ ပိုမိုပါဝင်ယှဉ်ပြိုင်လာရေးကို လည်းကောင်း ရည်ရွယ်၍ ယခင်တည်ဆဲစည်းမျဉ်းပါ ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည့် အားကစားသမားများအား အရည်အချင်းကန့်သတ်ချက်များကိုလည်း ပြင်ဆင်ရေးဆွဲသတ်မှတ်ထားသည်။

ယင်းပြိုင်ပွဲ၏ အလွတ်တန်းနှင့် သက်တန်းအလိုက် ပြိုင်ပွဲဝင်များ အမည်စာရင်းကို နိုဝင်ဘာ ၁၈ ရက် ညနေ ၄ နာရီ နောက်ဆုံးထား၍ လူကိုယ်တိုင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ်ရုံးသို့ အရောက်ပေးသွင်းရမည်ဖြစ်ပြီး အသင်းလိုက်ပြိုင်ပွဲအတွက် အမည်စာရင်းကို နိုဝင်ဘာ ၁၉ ရက် မွန်းလွဲ ၁ နာရီတွင် မြန်မာနိုင်ငံ တင်းနစ်အဖွဲ့ချုပ် အစည်းအဝေးခန်းမ၌ ကျင်းပမည့် အသင်းမန်နေဂျာများ အစည်းအဝေးသို့ ပြိုင်ပွဲဝင်မည့် အသင်းမန်နေဂျာကိုယ်တိုင် တက်ရောက်ကာ ပြိုင်ပွဲဝင်စာရင်းများကို ပေးသွင်းရမည် ဖြစ်ကြောင်း သိရသည်။ (ကြေးမုံ)

တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်

နေပြည်တော် နိုဝင်ဘာ ၈

ယနေ့နံနက် ၉ နာရီခွဲထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီအတွင်းက ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းခဲ့ပြီး ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် အများအားဖြင့်သာယာခဲ့သည်။ **ညအပူအချိန်များမှာ** ပဲခူးတိုင်းဒေသကြီးတွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၃ ဒီဂရီစင်တီဂရိတ်၊ ချင်းပြည်နယ်တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်တို့အောက် ၅ ဒီဂရီစင်တီဂရိတ်ထိ လျော့နည်းခဲ့ကာ ကျန်ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် နိုဝင်ဘာလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။ **ထူးခြားသည့် ညအပူချိန်များမှာ** ဟားခါးမြို့တွင် ၄ ဒီဂရီစင်တီဂရိတ်၊ ပင်လောင်းမြို့နှင့် မင်းတပ်မြို့တို့တွင် ၈ ဒီဂရီစင်တီဂရိတ်စီတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ယနေ့မြန်မာစံတော်ချိန် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော ဆိုင်ကလုန်းမုန်တိုင်း 'ဂျယ်'(Jal)သည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေတောင်ပိုင်းနှင့် တမီလ်နာဒူကမ်းခြေမြောက်ပိုင်းကြား (ချင်းနိုင်မြို့အနီး)မှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်သည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

နိုဝင်ဘာ ၉ ရက် ညနေထိခန့်မှန်းချက်။ ။ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးအနည်းငယ်ထစ်ချုန်းရွာနိုင်သည်မှအပ တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်။ ။ လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်။ ။တစ်ပြည်လုံးတွင် အများအားဖြင့် သာယာမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့အများအားဖြင့် သာယာမည်။

ဗဟန်းမြို့နယ် အမက(၁၇) အခြေခံပညာမူလတန်းကျောင်း၌ အာဟာရကျွေးမွေးလှူဒါန်းပွဲ ကျင်းပရာ ၂၀၁၀-၂၀၁၁ ခုနှစ် ပညာသင်နှစ်အတွင်း (၁၁) ကြိမ်မြောက် ကျွေးမွေးလှူဒါန်းသည့် အလှူရှင်ဦးကျော်ညီညီလွင် ကြူစွာသယ ဓာတ်နန်းမိသားစု၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ငွေမာလွင်နှင့် ဆရာမများက ကျောင်းသား၊ ကျောင်းသူများအား အာဟာရကျွေးမွေးလှူဒါန်းစဉ်။
(ကြေးမုံ)

လုပ်ငန်းခွင်စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု ဒီပလိုမာ လေးလသင်တန်းများ ဖွင့်မည်

နေပြည်တော် နိုဝင်ဘာ ၈

လုပ်ငန်းခွင်စီးပွားရေးနှင့် ဈေးကွက်စီမံခန့်ခွဲမှု Diploma သင်တန်းများဖြစ်သော Diploma in Business သင်တန်းနှင့် Diploma in Marketing သင်တန်းများကို Thames Management Centre (Yangon) ၌ စတင်ဖွင့်လှစ်မည်ဖြစ်သည်။

အခြေခံကျသည့် စီမံခန့်ခွဲမှုသဘောတရားများကို သိရှိနားလည်စေရန်၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းများကို စနစ်တကျရေးဆွဲနိုင်ရန်၊ ရုံးလုပ်ငန်းဆိုင်ရာ IT နည်းပညာရပ်များကို စနစ်တကျ တတ်ကျွမ်းစေရန်၊ စီးပွားရေးနှင့် ဈေးကွက်အတွင်း စနစ်တကျရှိရမည့် လူထုဆက်သွယ်ရေးဆိုင်ရာ နည်းပညာရပ်များ တတ်မြောက်စေရန် သင်ကြားပေးမည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအဆင့်ရှိသူများမှစ၍ တက်ရောက်သင်ကြားနိုင်သည်။

Diploma in Business တွင် Computer Application, Accounting Fundamental, Essentials of Management Skills, Communication Skill at Work စသည့် ဘာသာရပ်များပါဝင်ပြီး Diploma in Marketing တွင် Computer Application, Marketing Studies, Consumer Behaviour Studies, Interpersonal Skills စသည့် ဘာသာရပ်များ ပါဝင်မည်ဖြစ်ကြောင်း သိရှိရသည်။

သင်တန်းကာလမှာ လေးလကြာမြင့်မည်ဖြစ်ပြီး စီးပွားရေးလုပ်ငန်းနယ်ပယ် အသီးသီးတွင် အလုပ်အကိုင်အခွင့်အလမ်းများစွာရရှိစေနိုင်မည့် သင်တန်းများဖြစ်သည်။

အသေးစိတ်သိရှိလိုပါက Thames Management Centre, ရန်ကုန် ဖုန်း-၀၁-၅၂၅၉၇၁၊ ၅၀၁၄၅၀၊ ၇၀၆၇၄၀ မြေနီကုန်းပလာဇာ ဒုတိယထပ် ဘားကရာလမ်း စမ်းချောင်းမြို့နယ်သို့ မေးမြန်းစုံစမ်းနိုင်သည်။

(သတင်းစဉ်)

ဆုချီးမြှင့်

အမက(၉)ကမာရွတ် ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲတွင် ကျောင်းအုပ်ဆရာမကြီး ဒေါ်တင်တင်နွယ်က ပထမတန်းတွင် စာပေပထမဆု၊ ရေကူးလိပ်ပြာကူး ဒုတိယ၊ ရေကူးရိုးရိုး တတိယဆုရရှိသူ မဆုသီရိဆင့်အား ဆုချီးမြှင့်စဉ်။
(ပညာရေး)

ကိုရီးယားရုပ်ရှင်ပွဲတော် ၂၀၁၀ ကျင်းပမည်

ရန်ကုန် နိုဝင်ဘာ ၈

ကိုရီးယားသမ္မတနိုင်ငံနှင့် မြန်မာနိုင်ငံတို့ နှစ်နိုင်ငံယဉ်ကျေးမှု ပူးပေါင်းဖလှယ်ရေး မြှင့်တင်စေရန်ရည်ရွယ်၍ “ကိုရီးယားရုပ်ရှင်ပွဲတော် ၂၀၁၀ ”ကို နိုဝင်ဘာ ၂၆ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ သမ္မတရုပ်ရှင်ရုံ၌ ကျင်းပမည်ဖြစ်သည်။ ကိုရီးယားရုပ်ရှင်ပွဲတော်ကို ရန်ကုန်မြို့၌ ၂၀၀၆၊ ၂၀၀၇၊ ၂၀၀၈ ခုနှစ်နှင့် ၂၀၀၉ ခုနှစ်တို့တွင် စုစုပေါင်း (၄)ကြိမ် ကျင်းပခဲ့ပြီးဖြစ်သည်။ ယခုနှစ် ကိုရီးယားရုပ်ရှင်ပွဲတော်၌ Le Grand Chef (Drama), Le Grand Chef 2(Drama), Scandal Makers (Comedy), My Girlfriend is an Agent (Comic Action) ဟူသည့် ရုပ်ရှင်ကားလေးကားကို ပြသမည်ဖြစ်ပြီး တစ်ကားကို နှစ်ကြိမ်စီ ပြသမည်ဖြစ်သည်။

အဆိုပါ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲသို့ “Le Grand Chef " ရုပ်ရှင်ကားတွင် ပါဝင်သရုပ်ဆောင် ခေါင်းဆောင်မင်းသမီး လီဟားနားနှင့် နာမည်ကျော်ကြားလူကြိုက်များသော ကိုရီးယားတီဗွီဇာတ်လမ်းတွဲ "Jumong" ရုပ်ရှင်ကားတွင် အဓိကပါဝင်သရုပ်ဆောင်သူ ရုပ်ရှင်မင်းသား ဆောင်အီလ်ဂွတ်တို့ တက်ရောက်ကြမည်ဖြစ်သည်။ ရုပ်ရှင်ပွဲတော်ဖွင့်ပွဲကို အခမဲ့ ကြည့်ရှုနိုင်ပြီး ရုပ်ရှင်လက်မှတ်များကို ကိုရီးယားသမ္မတနိုင်ငံသံရုံးတွင် နိုဝင်ဘာ ၁၅ ရက်မှ စတင် ရယူနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပုဇွန်တောင်မြို့နယ် (၅၁) လမ်းနေ ကွယ်လွန်သူ မိဘနှစ်ပါး၊ အစ်မနှင့် ခင်ပွန်းဖြစ်သူ ဗိုလ်မှူးအောင်ဆန်းသူရိယအေးချိုတို့အားရည်စူး၍ ဇနီး ဒေါ်တင်အုန်း၏ (၈၂)နှစ်မြောက် မွေးနေ့အတွက် တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဘိုးဘွားများအတွက် အာဟာရပဒေသာပင်အဖြစ် ငွေကျပ်နှစ်သိန်းပေးအပ်လှူဒါန်းရာ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဥက္ကဋ္ဌ ဦးထွန်းကြိုင် လက်ခံယူစဉ်။
(ကြေးမုံ)

Hospitality Operation & Service Course အတန်းသစ် ဖွင့်လှစ်မည်

ရန်ကုန် နိုဝင်ဘာ ၈

နိုင်ငံတကာရှိ Hotel များ၊ Restaurant များနှင့် အပျော်စီးသင်္ဘောလိုင်းများတွင် တာဝန်ထမ်းဆောင်ချင်သူများအတွက် ရည်ရွယ်၍ Hospitality Operation & Service Course သင်တန်းအပတ်စဉ်အသစ်ကို နိုဝင်ဘာလ တတိယပတ်အတွင်း Star Resources Hospitality Management Academy တွင် ဖွင့်လှစ်ပေးမည်ဖြစ်သည်။

ဟိုတယ်ဝန်ဆောင်မှု လုပ်ငန်းများအကြောင်း (Hotel Operations)၊ ဧည့်ဝတ်ကျေပွန်မှုအတတ်ပညာ (Customer Services)၊ အစားအသောက်တည်ခင်း ဝန်ဆောင်မှု အတတ်ပညာ (F & B Service)၊ ဟိုတယ်တွင်း သပ်ရပ်လှပအောင် ထိန်းသိမ်းခြင်း အတတ်ပညာ(Housekeeping Operation) စသည်တို့ကို National Vocational Qualification (UK) နှင့် Institute of AH & LA (USA) မှ Course Guide Line များနှင့်အညီ International Five Star Hotel များတွင် တာဝန်ထမ်းဆောင်ခဲ့သူများ ကိုယ်တိုင် တတ်မြောက်ကျွမ်းကျင်အောင် စာတွေ့၊ လက်တွေ့ သင်ကြားပေးမည်ဖြစ်သည်။

သင်တန်းကာလမှာ သုံးလကြာမြင့်မည်ဖြစ်ပြီး သင်တန်းတက်နေစဉ်အတွင်း လုပ်ငန်းအတွေ့အကြုံများ ရရှိစေရန် Local ဟိုတယ်ကြီးများသို့ On Job Training (OJT)အနေဖြင့် တာဝန်ထမ်းဆောင်နိုင်သော အခွင့်အလမ်းများရရှိမည်ဖြစ်သည်။

ထို့အပြင် IELTS Foundation Course နှင့် Intensive Course တို့ကိုလည်း Star Resources Hospitality Management Academy တွင် နိုဝင်ဘာလ တတိယပတ်အတွင်း ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်သည်။

စိတ်ပါဝင်စားသူများအနေဖြင့် Star Resources Hospitality Management Academy တိုက် (၂၆၇) အခန်း (၃၀၂) ပြည်လမ်း မြေနီကုန်း စမ်းချောင်းမြို့နယ် ဖုန်း-၀၁-၅၂၃၆၂၃၊ ၅၂၃၂၀၀၊ ၄၄၁၂၂၅၆ နှင့် ၀၉-၅၀၂၀၃၀၂ တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ် စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်အား မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက် ပိုမိုစီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်း မပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ

❑ တည်ငြိမ်အေးချမ်းမှ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်မည်။
❑ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

❑ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
❑ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
❑ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီရနိုင်သည်။

ပြည်သူ့ဆန္ဒသဘောထား

☆ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
☆ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
☆ ဆူပူအကြမ်းဖက်မှုကို မလိုလား။
☆ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ - ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ လေလှိုင်းသံ လူသတ်သမား - နားမယောင်လေနဲ့ သတိထား။

မုံရွာမြို့၌ ကျင်းပသည့် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ

ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့် သတင်းထောက်များ ကြည့်ရှုလေ့လာ

နေပြည်တော် နိုဝင်ဘာ ၈

ပြည်ထောင်စုမြန်မာနိုင်ငံတော် ၂၀၁၀ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယမန်နေ့ နံနက် ၆ နာရီမှ စတင်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် မုံရွာမြို့နယ်ရှိ မဲဆန္ဒနယ်အသီးသီး၌ တစ်ပြိုင်တည်း ကျင်းပသည်။

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi၊ စင်ကာပူသမ္မတနိုင်ငံ သံရုံးမှ Minister Counsellor (Acting)/ Deputy Chief of Mission, Ms.Chan Yuen Ying Vanessa Elisabeth၊ ဖိလစ်ပိုင်သမ္မတနိုင်ငံ သံရုံးမှ Protocol Officer, Economic and Political Assistant & Attache, Ms. Maribelle F. Manlangit၊ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းမှ အသင်းဝင် သတင်းထောက်နှင့် ဂျာနယ်များမှ သတင်းထောက်များသည် နံနက်ပိုင်းတွင် မုံရွာမြို့ ရုံးကြီးရပ်ကွက် မိုးလုံလေလုံ အားကစားရုံရှိ မဲရုံအမှတ်(၂)၊ဒေါနခြံရပ်ကွက် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၂)၊ ဆူးလေကုန်းရပ်ကွက် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ အေးသာယာရပ်ကွက် အမှတ်(၂) အခြေခံပညာ အလယ်တန်းကျောင်းရှိ မဲရုံ အမှတ်(၂)၊ အလယ်ရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ မဲရုံအမှတ်(၁)၊ အလုံရပ်ကွက် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းရှိ မဲရုံအမှတ်(၂)နှင့် အောင်ချမ်းသာရပ်ကွက် အမှတ်(၁၉) အခြေခံပညာ မူလတန်းကျောင်းရှိ မဲရုံအမှတ်(၂)တို့သို့ လှည့်လည်သွားရောက်၍ ဆန္ဒမဲပေးမှုများကို ကြည့်ရှုလေ့လာကြသည်။

သံတမန်များနှင့် သတင်းထောက်များသည် ညနေပိုင်းတွင်
စာမျက်နှာ ၁၀ ကော်လံ ၁ သို့❐

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ထိုင်းနိုင်ငံ သံအမတ်ကြီး H.E. Mr. Apirath Vienravi နှင့် သံတမန်များ မုံရွာမြို့နယ် မုံရွာတောင်ရပ်ကွက် အမှတ်(၂၉) အခြေခံပညာမူလတန်းလွန်ကျောင်းရှိ မဲရုံအမှတ်(၂)၌ ဆန္ဒမဲ ရေတွက်နေမှုကို ကြည့်ရှုလေ့လာစဉ်။

(သတင်းစဉ်)

ဆိုင်ကလုန်းမုန်တိုင်းဂျယ် အိန္ဒိယနိုင်ငံ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်

နေပြည်တော် နိုဝင်ဘာ ၈

ယနေ့နံနက် ၅ နာရီခွဲအချိန် တိုင်းထွာချက်များအရ ယမန်နေ့က ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် ဖြစ်ပေါ်နေခဲ့သော ဆိုင်ကလုန်းမုန်တိုင်း'ဂျယ်'(Jal)သည် အိန္ဒိယနိုင်ငံ အင်ဒရာပရာဒေ့ရှ်ကမ်းခြေတောင်ပိုင်းနှင့် တမီလ်နာဒူကမ်းခြေ မြောက်ပိုင်းကြား(ချင်းနိုင်မြို့အနီး)မှ ကုန်းတွင်းသို့ ဖြတ်ကျော်ဝင်ရောက်ခဲ့ပြီးဖြစ်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။ (သတင်းစဉ်)